စိတ်ကူးချိုချိုအနုပညာ

# ဘဝတက်လမ်း ဇာတ်လမ်းကလေးများ

READER'S DIGEST မဂ္ဂဇင်းမှ အောင်မြင်ရေးလမ်းညွှန် ရသစာစု။

နေမျိုးထွန်း



ဒုတိယအကြိမ်

mgyoe.com

mgyoe.com

ဟဲမင်းဝေး၏ဒဿန၊ ဘဝတက်လမ်းနှင့်
မန္တလေးကဆိုက်ကားဆရာ ဟူသောအမည်ဖြင့်
ပထမအကြိမ်ထုတ်ဝေခဲ့သော
စာအုပ်ဖြစ်ပါသည်။
ဘာသာပြန်စာရေးဆရာ နေမျိုးထွန်း အမည်ခံ
ထွန်းသစ် ၏ ရှားရှားပါးပါး အောင်မြင်ရေးစာအုပ်လည်း
ဖြစ်ပါသည်။
ကမ္ဘာကျော် READER'S DIGEST မဂ္ဂဇင်းကြီးမှ
ဘဝအောင်မြင်ရေးနှင့် စိတ်ခွန်အားပေး ရသဇာတ်လမ်းများကို
ရွေးချယ်ပြန်ဆိုထားသည်များဖြစ်၍
လူငယ်လူရွယ်များ စိတ်ဓာတ်မြင့်မားရေး၊
ရည်ရွယ်ချက် ခိုင်မာရေး၊ ဇွဲနပဲဖြင့်
မဆုတ်မနစ်ကြိုးစားကာ အောင်မြင်မှုရယူရေးတို့တွင်
စိတ်ခံစားမှုဖြင့် ယှဉ်၍ ခိုင်မာသော
အထောက်အပံ့ဖြစ်နိုင်ပါလိမ့်မည်။

# ဘဝတက်လမ်း

## ဇာတ်လမ်းကလေးများ

### နေမျိုးထွန်း

ISBN 9789997113252
HTT7
9 789997 113252
2,300.00KS

mgyoe.com

ဘဝတက်လမ်းဇာတ်လမ်းကလေးများ(ဟဲမင်းဝေး၏ဒဿနဘဝတက်လမ်းနှင့်မန္တလေးကဆိုက်ကားဆရာ)၊နေမျိုးထွန်း
စာမျက်နှာ ၂၀၇ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၀ပြည့်နှစ် ယနေ့မန္တလေးစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဘဝတက်လမ်း ဇာတ်လမ်းကလေးများ

(ဟဲမင်းဝေး၏ဒဿန ဘဝတက်လမ်းနှင့် မန္တလေးက ဆိုက်ကားဆရာ)

## နေမျိုးထွန်း

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏အမှာ | က |
| ၁။ | လုပ်ငန်းရှင် ပေါက်စလေး | ၁ |
| ၂။ | သတင်းစာအိပ်မက် | ၂၀ |
| ၃။ | ကွဲအက်နေသောထိုမတ်ခွက် | ၃၈ |
| ၄။ | ဘဝတက်လမ်း | ၆၁ |
| ၅။ | စကားပြောသော သံယောဇဉ်ကြိုး | ၇၅ |
| ၆။ | တေးသီတဲ့ငှက် | ၉၄ |
| ၇။ | မိမိကိုယ်သာကိုးကွယ်ရာ | ၁၁၁ |
| ၈။ | မန္တလေးက ဆိုက်ကားဆရာ | ၁၂၅ |
| ၉။ | အမှတ်မထင် | ၁၃၉ |
| ၁၀။ | မိန်းမနှင့်ယောကျ်ား | ၁၅၀ |
| ၁၁။ | ဟဲမင်းဝေး၏ဒဿန | ၁၆၁ |
| ၁၂။ | အကြွေးနှင့်လုပ်အား | ၁၇၀ |
| ၁၃။ | ရင်ခုန်ရသော ထိုပီတ် | ၁၈၉ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စာရေးသူ၏အမှာ

[ ၁ ]

အချိန်ကတော့ မွန်းလွဲပိုင်း။

၁၉၉၉ ခုနှစ် နှစ်ဦးပိုင်းတစ်နေ့တွင်ဖြစ်သည်။ စာရေးသူသည် ကိစ္စတစ်ခုဖြင့် ရန်ကုန်မြို့လယ်ရှိ ၃၃ လမ်းထဲသို့ ဖြတ်လျှောက် ဝင်ရောက်လာမိသည်။ ၃၃ လမ်းဆိုသည်က စာအုပ်ဆိုင်များ၊ ထုတ်ဝေသူများ၊ မဂ္ဂဇင်းတိုက်များ၊ ဂျာနယ်တိုက်များ၊ ကွန်ပျူတာစာစီစာရိုက်များ၊ ပုံနှိပ်တိုက်များ၊ ဂရပ်ဖစ်ဒီဇိုင်းများ အပြည့်အသိပ်ရှိသောလမ်း။ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများကို အများဆုံး တွေ့ရ၊ ဆုံရသောလမ်း။

သည်လမ်း။ ကိုယ့်စိတ်ကူးဖြင့်ကိုယ် လျှောက်လှမ်း ဝင်ရောက်လာရင်း လမ်းဘေးမှာ လက်ဖက်ရည်ဆိုင်ထိုင် နေသော ရေးဖော်ရေးဖက် စာရေးဆရာတစ်ယောက်နှင့် သွားတွေ့ရသည်။ ထိုစာရေးဆရာကား အခြားမဟုတ်။

mgyoe.com

mgyoe.com



ထုတ်ဝေသူတစ်ပိုင်း ဖြစ်နေပြီဟု ဆိုရမည့် ... ကိုဂျေ။ သူနှင့် မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့မိကြသည့်နေရာက ၃၃လမ်းထဲရှိ 'လေထန်ကုန်း' လက်ဖက်ရည်ဆိုင်။

ကိုဂျေက "ထိုင်ပါဦး။ လက်ဖက်ရည် သောက်ပါဦး" ဟုဆိုကာ အတင်းဆွဲထားသဖြင့် ခွေးခြေပုတစ်လုံးကိုဆွဲယူကာ သူထိုင်နေသော စားပွဲပုကလေးမှာ ဝင်ထိုင်လိုက်ရသည်။ လူချင်းမတွေ့မိတာ ကြာပြီဖြစ်၍ ဟိုအကြောင်း ဒီအကြောင်း၊ စာအကြောင်း ပေအကြောင်း၊ မဂ္ဂဇင်းအကြောင်း ဂျာနယ်အကြောင်း သောင်းပြောင်းထွေလာတွေ လေကန်မိကြသည်။

စာရေးသူသည် ကိုဂျေနှင့် သိကျွမ်းခင်မင် ရင်းနှီးခဲ့ကြသည်မှာ ကြာပြီ။ ၁၉၈၀ ပြည့်နှစ်လောက်ကတည်းက ဖြစ်သည်။ 'ရောင်စုံ' မဂ္ဂဇင်းကို သူ ထုတ်ဝေတော့ စာရေးသူလည်း သူ့မဂ္ဂဇင်းမှာ ဝင်ရေးဖြစ်ခဲ့သည်။ သည့်နောက် ၁၉၈၈ ခုနှစ်လောက်မှာ စီးပွားရေးမဂ္ဂဇင်းတစ်စောင် ပေါ်ထွက်လာတော့ ကိုဂျေက ထိုမဂ္ဂဇင်းမှာ အယ်ဒီတာအဖွဲ့ဝင်တစ်ယောက် ဖြစ်လာခဲ့သည်။ အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့် ထိုမဂ္ဂဇင်း ယာယီရပ်ဆိုင်းသွားသောအခါ နောက်ထပ်ပေါ်ထွက်လာသည့် စီးပွားရေးမဂ္ဂဇင်းတစ်စောင်သို့ ကိုဂျေ ရောက်သွားခဲ့သည်။ ထိုမဂ္ဂဇင်းမှာလည်း ကိုဂျေက အယ်ဒီတာ။ ထိုမဂ္ဂဇင်းများ အရှိန်ရအောင်၊ စတင်လည်ပတ်နိုင်အောင် ရှေ့ဦးပိုင်းမှာ ဝိုင်းဝန်းလှော်ခတ်ပံ့ပိုးပေးခဲ့ကြရသူများတွင် ကိုဂျေ၏ အခန်းကဏ္ဍသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အရေးပါခဲ့

mgyoe.com

mgyoe.com



သည်။ ကိုဂျေ ကိုင်တွယ်ပေးခဲ့သော ထိုမဂ္ဂဇင်းများအားလုံးတွင် စာရေးသူနှင့် ကိုဂျေတို့မှာ ရေးဖော်ရေးဖက်တွေ ဖြစ်ခဲ့ကြရသည်။ ထိုမှတစ်ဖန် ၁၉၉၀ ပြည့်လွန် နှစ်ဦးပိုင်းကာလများ ရောက်လာပြန်တော့ ကိုဂျေက မဂ္ဂဇင်းတစ်စောင်ကို ဦးဆောင်၍ ထုတ်ဝေလာပြန်သည်။ ထိုမဂ္ဂဇင်း၏ နာမည်က တစ်လုံးတည်း။ 'ရွှေ' ...။

[ ၂ ]

'ရွှေ' မဂ္ဂဇင်းနှင့် ရွှေမဖြစ်ခဲ့သော်လည်း ကိုဂျေက ဘဝကို လွယ်လွယ်နှင့် လက်မြှောက်အရှုံးပေးတတ်သူ မဟုတ်။ သူ့ဘဝတက်လမ်းအတွက် ဒီတစ်လမ်းမှ တက်လှမ်း၍မရလျှင် ဟိုတစ်လမ်းမှ ဆက်၍ကြိုးပမ်းတတ်သူဖြစ်သည်။ သို့နှင့် သူသည် မဂ္ဂဇင်းထုတ်ဝေမှုကို စွန့်ခွာလိုက်ပြီး စာကူးစက်လုပ်ငန်းကို တစ်ဖက်က ဖောက်ချလုပ်ကိုင်ရင်း တစ်ဖက်ကလည်း လုံးချင်းစာအုပ်ထုတ်ဝေရေး လုပ်ငန်းဘက်သို့ ကူးပြောင်းသွားခဲ့သည်။ အောင်မြင်မှုတွေ ရသင့်သလောက် ရလာခဲ့သည်။ ယခုလည်း အောင်မြင် ဖြစ်မြောက်မှုတွေ ရနေဆဲ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကိုဂျေ ခုလို လိုင်းပြောင်းသွားခဲ့ခြင်းသည် သူ့ဘဝတက်လမ်း အောင်မြင်မှုအတွက် မှန်ကန်သောဆုံးဖြတ်ချက် ဖြစ်ခဲ့သည်။ အကယ်၍ ကိုဂျေသာ မဂ္ဂဇင်းတစ်စောင်စောင်မှာ ဆက်၍ လုပ်ဆောင်နေရဦးမည်ဆိုလျှင် လစာစားဘဝဖြင့် သူများအကျိုးအတွက် သယ်ပိုးနေရတာနှင့်ကို မိမိဘဝ

mgyoe.com

mgyoe.com



နစ်မြုပ်လို့ နေဝင်မိုးချုပ်ဖို့သာ ရှိသည်။

ဒီကနေ့ ကိုဂျေ တာဝန်ယူစီစဉ်ထုတ်လုပ်ပေးနေသော လုံးချင်းစာအုပ်များအနက် 'ယနေ့မန္တလေး' စာအုပ်တိုက်အတွက် စာအုပ်များသည် တစ်မူထူးခြားလျက် ရှိသည်။ ဆရာကြီး 'ရွှေဥဒေါင်း' ၏ 'စုံထောက်မောင်စံရှား' (ပေါင်းချုပ်)၊ ဆရာ 'မြသန်းတင့်' ၏ 'တောင်သမန်ရွှေအင်းက လေညင်းဆော်တော့' စာအုပ်၊ 'စာပဒေသာဥယျာဉ်မှူးကြီး မြသန်းတင့်အမှတ်တရ' စာအုပ်ကြီးများကို ခံ့ခံ့ထည်ထည် ထုတ်ဝေနိုင်ခဲ့ခြင်းသည် ကိုဂျေ၏ အစီအမံကောင်းမှုကြောင့်ပင် ဖြစ်သည်။

[ ၃ ]

ကိုဂျေနှင့် စကားစမြည်ပြောရင်း သူ စီစဉ်ထုတ်လုပ်နေသည့် စာအုပ်များအကြောင်းသို့ ရောက်သွားသည်။ တောင်သမန်ရွှေအင်းအကြောင်း၊ ရုက်စိတ်အကြောင်း၊ ပြီးတော့ ဆရာမောင်ပေါ်ထွန်း ပြန်ဆိုရေးသားနေသည် ဆိုသော ရီးဒါးစ်ဒိုင်ဂျက်စ် မဂ္ဂဇင်းများမှ ဘဝအောင်မြင်တိုးတက်ရေး ဆောင်းပါးများအကြောင်း စ,သည်။ သည်သို့ စပ်မိစပ်ရာ လျှောက်ပြောကြရင်း စာရေးသူကိုလည်း 'ယနေ့မန္တလေး' အတွက် စာအုပ်တစ်အုပ် ရေးပေးရန် ဘူတာသို့ ဆိုက်သွားကြသည်။

ကိုဂျေက စာရေးသူအား တက်ကျမ်းစာအုပ်လောက် ရေးပေးပါဟု ဆိုသည်။ တကယ်တော့ တက်ကျမ်းတွေက

mgyoe.com

mgyoe.com



ပလူပျံနေကြသည်။ မှိုလိုပေါက်နေကြသည်။ အကြောင်းအရာ မထပ်အောင်ရေးဖို့ပင် မလွယ်တော့လောက်အောင် စုံတကာစေ့နေကြပြီ။ မြန်မာပြန်ဆို၍လည်းကောင်း၊ မှီငြမ်းရေးဖို့ရန်လည်းကောင်း၊ ကောင်းမွန်သည့် စာအုပ်များကလည်း ကုန်သလောက်ဖြစ်နေကြပြီ။

ဒါကြောင့် ဘယ်လိုစာအုပ်မျိုးရေးရန် ကောင်းမည်နည်းဟု ဦးနှောက်ခြောက်နေစဉ် ကိုဂျေက ...

"ဘဝတက်ကျမ်း မဟုတ်ရင်တောင် ဘဝတက်လမ်းကို ညွှန်းပေးမယ့်၊ ဘဝအောင်မြင်ရေးအတွက် စိတ်ဓာတ်မြှင့်တင်ပေးမယ့် ဝတ္ထုဆန်ဆန်ပုံစံမျိုးနဲ့ ရေးသားတင်ပြထားတာဆိုရင်လည်း ဖြစ်ပါတယ်" ဟု ဆိုလေသည်။

[ ၄ ]

ဟုတ်ပြီ။ စာရေးသူသည် လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်လောက်ကတည်းက စ၍ ဘဝတက်လမ်းအတွက် ရှေ့သို့တက်လှမ်းရန် ကြိုးပမ်းအားထုတ်သည့် ဝတ္ထုဆန်ဆန် တကယ့်ဖြစ်ရပ်မှန်ကလေးများကို လက်လှမ်းမီရာ ကမ္ဘာ့စာနယ်ဇင်းပေါင်းစုံမှာ တွေ့မိတိုင်း မြန်မာပြန်ဆို ရေးသားကာ အလျဉ်းသင့်ရာ မဂ္ဂဇင်းများသို့ ပေးပို့ခဲ့သည်။ အပုဒ်တိုင်းလောက်ပင် ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရသည်။

ယခု ကိုဂျေ ပြောလာတော့မှ မိမိ ပြန်ဆိုရေးသားခဲ့သည်များကို ပြန်အမှတ်ရမိသည်။ ခက်နေသည်က မဂ္ဂဇင်းပေါင်းစုံတွင်ပါရှိခဲ့သည့် မိမိရေးသားချက်များကို စနစ်

mgyoe.com

mgyoe.com



တကျ မှတ်တမ်းမထား မိခဲ့သဖြင့် အချို့အပုဒ်တွေ ဘယ် မဂ္ဂဇင်းတွေမှာ ပါရှိသွားမှန်းပင် မမှတ်မိတော့။ မိမိ သိမ်းဆည်းထားသည့် မဂ္ဂဇင်းများအနက် တချို့တစ်ဝက်က လည်း ခြကိုက်ခံရပြီး ပျက်စီးသွားကြရသည်များလည်း ရှိသည်။

မည်သို့ဆိုစေ မိမိလက်ထဲ ရှိသမျှမဂ္ဂဇင်းများတွင် ပြန်ရှာကြည့်ဦးမည်ဟု ကိုဂျေ့အား ကတိပေးခဲ့မိသည်။ ဒီလိုနှင့် ပြန်ရှာဖွေရင်း တချို့အပုဒ်များကို ပြန်တွေ့ခဲ့ရသည်။ တချို့ကိုမူ ရှာမတွေ့တော့။ တချို့လည်း နှစ်ပေါင်း နှစ်ဆယ်အတွင်း အိမ် သုံး–လေးခါအပြောင်းတွင် ပျောက်ရှကုန်သည်။ တချို့လည်း ပိသာချိန်နှင့် စာနယ်ဇင်းအဟောင်းများနှင့် ပုလင်းများဝယ်သူတို့ထံ ပါသွားကောင်း ပါသွားနိုင်သည်။

ယခု ဤစာအုပ်တွင် ဖော်ပြထားသည်များမှာ မိမိ ပြန်လည်တွေ့ရှိရသော အပုဒ်နှစ်ဆယ်လောက်အနက်မှ မိမိစိတ်ကြိုက် ထပ်ဆင့် ရွေးချယ်ထားချက်များလည်း ပါသည်။ တချို့အပုဒ်များမှာ မိမိ ပြန်ဆိုရေးသားထားပြီး ဖြစ်သော်လည်း မည်သည့်မဂ္ဂဇင်းတွင်မှ ထည့်သွင်းဖော်ပြခြင်း မပြုရသေးသော အပုဒ်အသစ်များ ဖြစ်သည်။

[ ၅ ]

ကိုဂျေ၏ တိုက်တွန်းနှိုးဆော်မှုဖြင့် အကောင်အထည် ပေါ်လာရသည့် ဤစာအုပ်အတွက် စာမူများကို သက်ဆိုင်

mgyoe.com

mgyoe.com



ရာသို့ တင်ပြခါနီးအချိန်အထိ အမည်ဘယ်သို့ပေးရမည် မသိဘဲ ဖြစ်နေပြန်သည်။ ဤတွင် ကိုဂျေကပင် 'ဟဲမင်းဝေး၏ဒဿန၊ ဘဝတက်လမ်းနှင့် မန္တလေးကဆိုက်ကားဆရာ' ဟု ခပ်ဆန်းဆန်းပင် ကောက်ကာငင်ကာ အမည်ပေးလိုက်လေသည်။ ဟဲမင်းဝေးနှင့် မန္တလေးမှ ဆိုက်ကားဆရာတို့ ဘဝတက်လမ်းနှင့်ပတ်သက်လို့ ဘယ်လိုများ နှီးနွယ်ဆက်စပ်နေကြပါလိမ့်ဟု အတွေးပေါက်စရာရှိသည်။ ဟုတ်ပါသည်။ ဤအဖြေကိုသိလိုမူ ဤစာအုပ်ကိုသာ ရှေ့ဆက်၍ဖတ်ရှုပါဟုသာ တိုက်တွန်းနှိုးဆော်ရပေတော့မည်။ ဤစာအုပ်တွင် ဖော်ပြပါရှိသော ဘဝတက်လမ်းဇာတ်လမ်းကလေးများကို ဖတ်ရှုရခြင်းမှသည် စာရှုသူအပေါင်းတို့၏ ဘဝတက်လမ်းသည်လည်း ချောမောပြေပြစ်ကာ မြင့်သထက်မြင့်၊ တင့်သထက်တင့်ပြီးသကာလ ထို့ထက်မက ရှေ့တက်လှမ်းနိုင်ကြစေမည့် အားသစ်မာန်သစ်များဖြင့် ပြည့်ဝကြပါစေကြောင်း မေတ္တာရည်လောင်းလိုက်ရပါသည် ဟူ၍ ...။

နေမျိုးထွန်း

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လုပ်ငန်းရှင်ပေါက်စကလေး

တစ်နေ့သော မွန်းလွဲပိုင်းမှာဖြစ်သည်။

ကျွန်တော် ရောက်ရှိနေသည့်အရပ်က ပီရူးနိုင်ငံ၊ လီမာမြို့တော်။

လီမာမြို့တွင်း လျှောက်လည်ကြည့်ရှုရင်း လမ်းကြိုလမ်းကြား တစ်ခုအတွင်း ရောက်ရှိသွားခဲ့လေသည်။ ဆင်းရဲသားရပ်ကွက် ဖြစ်သည်မို့ လဖ်းက ညစ်ပတ်ပေရေလှသည်။ အမှိုက်သရိုက်တွေက နေရာတိုင်းမှာ။ မြင်မကောင်းအောင် ပြန့်ကျဲလျက်။ ရှုပ်ပွလျက်။

ထိုစဉ် ...

"အစ်ကိုကြီးရို့ ပေးမှကမ်းမှ စားရမယ့်၊ သောက်ရမယ့်ဘဝပါခင်ဗျာ။ ထမင်းဖိုးလေး ... ဟင်းဖိုးလေးများ နည်းများမဆို သဒ္ဒါတတ်အားသရွေ့ ပေးအပ်စွန့်ကြဲခဲ့ပါခင်ဗျာ ..."

လမ်းနံဘေးတစ်နေရာမှာ ထိုင်၍ ပိုက်ဆံတောင်းနေသည့်အသံ။ စပိန်ဘာသာစကားဖြင့် ပိုက်ဆံတောင်းနေသော ကောင်လေးတစ်ယောက်၏အသံ။

အခြား ... အခြားသော တတိယကမ္ဘာမြို့တော်တွေမှာကဲ့သို့ပင် လီမာမြို့မှာလည်း စားဝတ်နေရေးအတွက် ဒုက္ခပင်လယ်ဝေလျက် ရှိကြ

mgyoe.com

mgyoe.com


သည့် လူငယ်ကလေးတွေက ဒုနဲ့ဒေး။ ယင်းကဲ့သို့သော ကလေး သူငယ်များနှင့် လူငယ်များတွင် အများစုသည် မိဘမဲ့များဖြစ်ကြသည်။

အသံကြားရာဘက်ဆီသို့ ကျွန်တော် လှည့်ကြည့်လိုက်၏။ ပိုက်ဆံ တောင်းနေသည်က ကောင်လေးတစ်ယောက်။ ၁၀ နှစ် ၁၁ နှစ်လောက် ရှိမည်။ ဆံပင်နက်နက်၊ နှာတံပေါ်ပေါ်၊ ဝတ်ထားသည်က တီရှပ်နှင့် ဂျင်းဘောင်းဘီ။ တီရှပ်က ညစ်ညစ်နွမ်းနွမ်း စုတ်စုတ်ပြဲပြဲ။ ကောင် လေးက ကျွန်တော့်ထံ လမ်းလျှောက်ချဉ်းကပ်လာသည်။ အစုံသော သူ့မျက်လုံးများကတော့ ကျီးကြည့်ကြောင်ကြည့်၊ ဟိုသည်ကြည့်။

"မင်းက လူချောကလေးပဲ။ မျက်နှာကလေးတောင် ဖောင်းတင်း ဝဖြိုးလို့ပါပဲကလား"

ကျွန်တော်က ပြုံးရယ်ရင်း စ၍ စကားဆိုလိုက်၏။

"ဟုတ်တယ် ဦးရယ်၊ ပြောရမယ်ဆိုရင်တော့ ဦးတို့လို ကမ္ဘာလှည့် ခရီးသည် တိုးရစ်တွေရဲ့ ကျေးဇူးကြောင့်လို့ ဆိုရမှာပဲ"

"နေပါဦးကွ။ အမဲသားစဉ်းကော ကောင်းကောင်း စားချင်လို့ ဆိုင်ကောင်းကောင်း ငါလိုက်ရှာနေတာကွယ့်။ လက်ရာကောင်းတဲ့ဆိုင် ဒီနားမှာရှိသလား"

"ဒီမှာ ... အာမီးဂိုး (မိတ်ဆွေကြီး) ... လီမာမြို့မှာ အမဲသား စဉ်းကော အကောင်းဆုံးရောင်းတဲ့ ဆိုင်တွေကို ကျွန်တော် သိပါတယ်"

"အဲ့ဒါဆိုရင် ဦးကိုလိုက်ပြပေးကွာ"

သို့နှင့် ...

အမဲသားစဉ်းကော ရောင်းသည့်ဆိုင်တစ်ဆိုင်သို့ ရောက်သွားကြ သည်။ ဆိုင်က ခပ်ကျဉ်းကျဉ်း။ ထိုင်စရာခုံတန်းနှင့် စားပွဲတွေကလည်း ခပ်ယိုင်ယိုင် ခပ်နဲ့နဲ့။ ဆိုင်က အမြင်နုပ်သော်လည်း အမဲသားစဉ်းကော ကတော့ အတော်ကလေး ကောင်းသည်။ ကော်ဖီကလည်း ကောင်းသည်။

mgyoe.com

mgyoe.com


ကျွန်တော်သည် ပီရူးသို့ အလုပ်တာဝန်ဖြင့် ရောက်နေခြင်းဖြစ်သည်။ ကျွန်တော့်အလုပ်က အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ်။ သည်အလုပ် သည်တာဝန်ဖြင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားသို့ ကျွန်တော်ရောက်ခဲ့သည်။ ရောက်လေရာနိုင်ငံတို့မှာ စားဝတ်နေရေး ဒုက္ခရောက်နေကြရသည့် ကလေးငယ် အများအပြားကို တွေ့ခဲ့ရသည်။ ကျွန်တော် တွေ့ခဲ့ရသည့် ကလေးဟူသမျှကိုလည်း ကျွန်တော် တတ်စွမ်းသလောက် ငွေကလေး ကြေးကလေးများပေးကမ်းစွန့်ကြဲခဲ့ဖူးသည်။

သို့ပေမဲ့ ...

ခုဒီ လီမာမှာ လာတွေ့ရသည့် ကောင်လေးကတော့ တခြားကလေးတွေနှင့်မတူ။ တစ်မူထူးခြားသည်။ တစ်ဘာသာ ဖြစ်သည်။ လမ်းပေါ်မှာ တောင်းရမ်းစား လမ်းသလားနေရသည့်ဘဝ၊ အန္တရာယ်ထွေပြားလှသည့်ဘဝကို နေ့စဉ်နှင့်အမျှ ရုန်းကန်လှုပ်ရှားနေရသော်ငြားလည်း သူ့ဘဝအောင်မြင်ရေးအတွက် သူ့မှာ ဆန္ဒတွေအပြည့်ရှိကြောင်း သူ့ဟန်ပန်၊ သူ့အမူအရာတွေက ဖော်ပြလျက်ရှိသည်။ သူ့ဘဝတက်လမ်းအတွက် မဆုတ်မနစ်တက်လှမ်းရန် ကြံရွယ်ချက် ရှိနေသူ ကလေးပင်။

"နေပါဦးကွ။ ဒါထက် ... မင်းရဲ့နာမည် ဘယ်လိုခေါ်သလဲကွယ့်..."

"ဒေးဗစ် ... ခင်ဗျ"

ကောင်လေး၏ သူ့အမည်ကို ထုတ်ဖော်ပြောဆိုပုံက အားပါးတရရှိလှသည်။

ဟုတ်ပါသည်။ ဒေးဗစ်။ သည်အမည်က သမ္မာကျမ်းထဲမှာ "ဂိုလိုက်ယက်" ဘီလူးကြီးကို လောက်လေးခွတစ်လက်နှင့် ပစ်ခတ်ရင်ဆိုင် အနိုင်ယူခဲ့သူ၏ အမည်ပဲဖြစ်သည်။ သူ့လူမျိုးနှင့် သူ့တိုင်းပြည်ကို မြတ်နိုးကာကွယ်လိုစိတ်ဖြင့် ကမ္ဘာမှာ ကျော်ကြားအောင်မြင် ရေမြေ့

mgyoe.com

mgyoe.com


ရှင်တစ်ယောက် ဖြစ်ခဲ့ရသူ။

မိမိ၏ အတွေးစဉ်အမျှင်တန်းများက သိပ်ကို အလှမ်းကျယ်သွားခဲ့ပြီပဲ။ သည်အတွေးများကို မြန်မြန် ဘရိတ်အုပ် ဦးခေါင်းထဲမှ ခါထုတ်ပစ်လိုက်ကာ ...

"သြော် ... မင်းနာမည်က ဒေးဗစ်တဲ့လား။ ဒေးဗစ်ဆိုတာ တကယ့်ကို ယောကျ်ားပီသတဲ့ နာမည်ပဲ။ အဲ ... ငါ့နာမည်လည်း မှတ်ထားဦး... 'ဘရစ်' တဲ့"

"ဒါဖြင့် ဆီညော် ... ဘရူးဆေးလို့ပဲ ခေါ်မယ်နော်"

'ဆီညော်' ဟူသည် စပိန်ဘာသာဖြင့် 'မစ္စတာ' ဟူသော အဓိပ္ပာယ်ရသည်။

ဒေးဗစ်က သူ၏စပိန်သံခပ်ဝဲဝဲဖြင့် ခေါ်ဆိုလိုက်မှုကြောင့် ကျွန်တော်၏ အမည်သည်ပင် 'ဘရစ်' ဘဝမှ 'ဘရူးဆေး' ဖြစ်သွားခဲ့ရ၏။

ဒေးဗစ်သည် သူ့အတွက် သီးသန့်လာချပေးသော အမဲသားစဉ်းကောတစ်ပွဲကို ပလုတ်ပလောင်းစား၍နေ၏။ နောက်တစ်ခါ သူ့ကို ပြန်ကြည့်တော့ သူ့ပန်းကန်မှာ ကုန်၍နေပြီ။ ဒီကောင်လေး တင်းတိမ်ပုံ မရသေး။ သူ့အတွက် နောက်ထပ်တစ်ပွဲ ကျွန်တော် ထပ်မှာပေးလိုက်သည်။ သူ့မျက်နှာမှာ သဘောကျသည့် အရိပ်အယောင်များ ဝင်းလက်၍သွား၏။

"ဒီမှာဒေးဗစ်။ လက်ကြောတင်းအောင် ဘာမှမလုပ်ဘဲ အလကားပိုက်ဆံလိုက်တောင်းနေလို့ကတော့ ရေရှည်အလုပ်ဖြစ်ဖို့ မမြင်ဘူး။ ကြာရင် သူများတွေ စေတနာပျက်တတ်တယ်။ ဒါကြောင့် မင်း အလုပ်တစ်ခုခုကိုတော့ ဖောက်ချပြီး လုပ်သင့်တယ်။ ဒီတော့ မင်း ဘာလုပ်မယ်လို့ စိတ်ကူးသလဲ။ မင်းရဲ့ဘဝကို ဘယ်လိုအသက်မွေးဝမ်းကျောင်းအလုပ်မျိုးနဲ့ ရပ်တည်ချင်သလဲ။ ဘယ်လိုဘဝမျိုးကို ရယူချင်သလဲ"

mgyoe.com

mgyoe.com


သည်အမေးများကို မေးမည့်သာ မေးလိုက်ရသည်။ သူ့ခမျာ ကျောင်းမနေရသည်ကတော့ အထင်အရှားပင် ဖြစ်သည်။ ယင်းသည့်တိုင် သူကတော့ စာဖတ်တတ်နေသည်။ သည်အကြောင်းကို နောက်ပိုင်း သူနှင့် ပြောဆိုခဲ့သောစကားများမှ ကျွန်တော် သိခဲ့ရသည်။ သူ စာဖတ်တတ်လာခြင်းမှာလည်း သူ့အားသူကိုး သူ့ဘာသာသူ ကြိုးစားခဲ့ရာမှ စာဖတ်နိုင်လာခြင်းဖြစ်သည်။

"ကျွန်တော့်မှာ အဖုံးပျော့နဲ့ ဝတ္ထုစာအုပ် နှစ်အုပ်ရှိတယ်။ ကြိုးစားပြီး ဖတ်နေတုန်းပဲ။ ပြီးတော့ စပိန်–အင်္ဂလိပ်နှစ်ဘာသာနဲ့ ဝေါဟာရ အဘိဓာန်တစ်အုပ်လည်း ရှိတယ်"

ဒေးဗစ်က သူပိုင်ဆိုင်ထားသော စာအုပ်များရှိကြောင်း ထုတ်၍ ကြွားနေပြန်၏။

"စာဖတ်တယ်ဆိုတာ သိပ်ကောင်းတဲ့အလုပ်ပဲ။ ဆက်ပြီး ကြိုးစား။ ဒါထက် ခုနက ငါမေးတဲ့မေးခွန်းကိုလည်း ဖြေစမ်းပါဦး"

သူက ကျွန်တော့်ကို အသေအချာ စူးစိုက်၍ကြည့်ကာ ...

"ကျွန်တော်ကတော့ ကိုယ်ပိုင်အလုပ်ကလေးတစ်ခုပဲ လုပ်ချင်တယ်။ လောလောဆယ်မှာတော့ ကျွန်တော် ကျွမ်းကျင်ပိုင်နိုင်တဲ့ ဖိနပ်တိုက်ချွတ် သန့်စင်ပေးရေးအလုပ်ကိုပဲ လုပ်ရမှာပေါ့"

သူ့ပြောပုံဆိုပုံက ပေါ့တီးပေါ့ဆမဟုတ်။ လေးနက်၍ တိကျခိုင်မာသော သဘောထားတွေ ပေါ်လွင်နေ၏။ သူလုပ်ရမည့်အလုပ်ကိုလည်း သူသိနေပုံရ၏။ သူလုပ်သင့်သည့်အလုပ်ကိုလည်း သူ သိနေ၏။ ပြီး... ယင်းအလုပ်ကို ဘယ်နည်းနှင့်မဆို ဖြစ်အောင်လုပ်နိုင်လိမ့်မည်ဆိုသည့် ယုံကြည်ချက်ကလည်း သူ့မှာ ရှိနေ၏။

အမှန်တော့ ဖိနပ်တိုက်ချွတ်ပေးရေး အလုပ်သည် ကမ္ဘာတစ်လွှားရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ထောင်နှင့်ချီသော ဆယ်ကျော်သက်စကလေးများ

mgyoe.com

mgyoe.com


အမိက အားကိုးနေကြရသော အလုပ်တစ်ခုဖြစ်လျက်ရှိ၏။ သည် အလုပ်ကို သူတို့ လုပ်မည့်သာလုပ်နေကြရသည်။ အများစုကမူ အရည် အသွေးညံ့ညံ့ အပေါစား ဖိနပ်တိုက်ဆေးများကိုသာ အသုံးပြုကြ၏။ တချို့ကလည်း ပြီးစလွယ် လုပ်ကြ၏။ ကျွမ်းကျွမ်းကျင်ကျင်လည်း မဟုတ်ကြ။ သို့ရာတွင် ကျွန်တော့်မိတ်ဆွေကလေး ဒေးဗစ်ကမူ ဘယ် သူနှင့်မျှမတူ၊ တစ်မူခြားမည့်သူ ဖြစ်နိုင်သည်ဟု ကျွန်တော့်စိတ်ထဲက အလိုလို သိနေလေသည်။

"ဒေးဗစ် ... မောင်ရင်ကလေးက ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ချင် တယ်ဆိုတာက ဟုတ်ပါပြီ။ အလုပ်လုပ်ဖို့ကော မင်းမှာ ပိုက်ဆံရှိရဲ့လား"

ဒေးဗစ်သည် သူ၏ အရောင်အဆင်းမရှိတော့ဘဲ အနားသားများ စုတ်ပြတ် ဖွာလန်ကြဲနေပြီဖြစ်သည့် ဂျင်းဘောင်းဘီအိတ်ထဲ လက်နှိုက် ကာ သူ့မှာရှိသမျှ ပိုက်ဆံများကို နှိုက်ထုတ်လိုက်၏။ ၅၀၀ တန် ဆိုးလ် ငွေစက္ကူတစ်ထပ် ပါလာ၏။ အားလုံးကို ရေတွက်ကြည့်လိုက်တော့ ၉ ဒေါ်လာနှင့်ညီမျှသော ငွေဖြစ်ကြောင်း တွေ့ရ၏။ လမ်းပေါ် တောင်း ရမ်းစားသောက်နေရသော ကလေးတစ်ယောက်အဖို့တော့ ဤမျှသော ငွေအသပြာသည် အတော့်ကိုများသော ငွေပမာဏပင် ဖြစ်ပါ၏။

"ဒီပိုက်ဆံတွေကို မင်း ဘယ်ကရထားသလဲ"

ကျွန်တော် ဒေးဗစ်အား မေးလိုက်၏။

"တိုး(ရစ်)တားတွေ (ကမ္ဘာလှည့်ခရီးသည်များ) ဆီက ရထားတာပါ"

သူ့စကားကို ကျွန်တော် လက်ခံယုံကြည်လိုက်ပါသည်။ ကမ္ဘာလှည့် ခရီးသည်အများစုမှာ စိတ်ကောင်းနှလုံးကောင်းရှိကြသူတွေ များပါသည်။

"ဒီမှာ ဒေးဗစ်။ မင်းအနေနဲ့ ဘာလုပ်သင့်တယ်ဆိုတာကို ပြော ပြမယ်"

ဒေးဗစ်က ကျွန်တော်၏အစုံသော မျက်လုံးများကို စူးစိုက်၍

mgyoe.com

mgyoe.com


ကြည့်ကာ နားထောင်နေ၏။

"မောင်ရင်ကလေးလိုအပ်နေတဲ့ ငွေအရင်းအနှီးကို ဦးက စိုက်ထုတ်ပေးမယ်။ ဦးဟာ မင်းအတွက် စွန့်စားပေးရတဲ့ အရင်းရှင်တစ်ယောက်ပေါ့ကွာ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ မင်းရမယ့် အမြတ်အစွန်းကိုတော့ ဦးကို ခွဲဝေပေးရလိမ့်မယ်နော်။ ဘယ်နဲ့လဲ။ တရားမျှတမှုရှိရဲ့လား"

ဤတွင် ဒေးဗစ်က ...

"အရင်းရှင်စနစ်ဆိုတာ မကောင်းဆိုးရွားပဲ။ ကျွန်တော်တို့ ဆင်းရဲငတ်ပြတ်နေကြရတာဟာလည်း ဒီအရင်းရှင်စနစ်ကြောင့်ပဲလို့ ပြောနေကြတယ်"

ကျွန်တော် မအံ့သြမိပါ။ တတိယကမ္ဘာတစ်ဝန်းမှ ဆိုရှယ်လစ်ဝါဒီတွေဟာ သူတို့ရဲ့ ဖန်တစ်ရာတေနေပြီဖြစ်တဲ့ အဲ့ဒီဓာတ်ပြားဟောင်းကြီးကိုပဲ ထပ်ပြန်တလဲ ရွတ်ဆိုဟောပြောခဲ့ကြလေသည်ပဲ။ ဒါပေမဲ့ ... ဒါဟာ အကြွင်းမဲ့ မှန်ကန်မှုမရှိကြောင်းကိုတော့ ဒီကလေး ကောင်းကောင်း သိရှိထားပုံရသည်ဟု ကျွန်တော် အကဲခတ်မိသည်။

"ဒေးဗစ် ... မင်းတို့ပီရူးမှာ သမ္မတဘီလောင်းဒီး မတိုင်မီအချိန်က မင်းတို့ ဘယ်လိုနေခဲ့ကြရသလဲ။ ခုထက် အခြေအနေကောင်းသလား၊ ခုထက် အခြေအနေဆိုးသလား"

"ပိုဆိုးတာပေါ့"

"သိပ်ဟုတ်တာပေါ့ကွ။ အဲဒီလို အခြေအနေ ပိုဆိုးခဲ့ရတာ ဘာကြောင့်လဲ။ ပြည်သူတွေဟာ မိမိတို့ လုပ်ချင်တဲ့အလုပ်ကို လုပ်ခွင့်မရခဲ့ကြလို့ပဲကွယ့်။ သူတို့ ရှာဖွေရရှိကြတဲ့ ငွေကြေးဥစ္စာဓနတွေကိုလည်း သူတို့ဟာသူတို့ ပိုင်ဆိုင်ခွင့် မရှိခဲ့ကြဘူး။ ဒါပေမဲ့ ... ဒီကနေ့ ကြည့်စမ်း။ လူတိုင်းဟာ မိမိတို့နဲ့ သင့်တော်မယ်ထင်ရတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို အတားအဆီး အချုပ်အချယ်မရှိ လွတ်လွတ်

mgyoe.com

mgyoe.com


လပ်လပ် လုပ်ကိုင်ခွင့် ရရှိနေကြပြီလေ"

ဒေးဗစ်သည် နားစိုက်ထောင်နေရင်းမှ သူ၏ဦးခေါင်းကို ညိတ်လိုက်၏။

"ဒီမှာ ဒေးဗစ် ... ခု ဒီမှာ တို့နှစ်ယောက် အမဲသားစဉ်းကော ဝယ်စားကြတယ်။ ဟောဒီ ဆိုင်ရှင်အစ်မကြီးကို အမဲသားစဉ်းကော အတွက် ကျသင့်ငွေကို ဦးကရှင်းပေးလိုက်ပြီ။ ဆိုင်ရှင်အစ်မကြီးလည်း ခုဆိုရင် အရင်းရှင်ဖြစ်သွားပြီပေါ့ကွာ။ ဘာဖြစ်လို့လဲဆိုရင် ဒီအစ်မကြီး ရဲ့အလုပ်က သူ့ကိုယ်ပိုင်အလုပ်ဖြစ်တယ်ကွာ။ သူထုတ်လုပ်တဲ့ စားသောက်ဖွယ်ရာတွေကို သူကိုယ်တိုင် ရောင်းတယ်ကွာ။ သူ့အရင်း အနှီးနဲ့သူ့လုပ်အားအတွက် ထိုက်တန်တဲ့ဈေးနှုန်း သတ်မှတ်ပြီးယူတယ် ကွာ။ တို့လို စားသုံးသူတွေက ကျေနပ်လို့ ဝယ်စားတယ်ကွာ။ ဒါဟာ... ဈေးကွက်စီးပွားရေးစနစ်၊ အဲ ... အရင်းရှင်စနစ်ရဲ့ အခြေခံသဘော တရားပဲကွယ့်။ ကုန်ပစ္စည်းတစ်ခု သို့မဟုတ် စားသုံးကုန်ပစ္စည်းတစ်ခု ရဲ့တန်ဖိုးကို ဈေးကွက်အတွင်း ဝယ်လိုအားက ပြဋ္ဌာန်းသတ်မှတ်ပေး တယ်ကွယ့်။ ကောင်းပြီ။ ဒီဆိုင်ရှင်အစ်မကြီးကို ဦးက ကျသင့်ငွေပေး ရှင်းလိုက်တော့ ဘယ်သူတွေ အကျိုးဖြစ်ထွန်းမှု ရရှိသွားခဲ့သလဲကွယ့်"

ဒေးဗစ်သည် ခေတ္တမျှ စဉ်းစားလိုက်ပြီး ...

"စားသုံးသူ ကျွန်တော်တို့ရော၊ ထုတ်လုပ်ရောင်းချတဲ့ အစ်မကြီး ရော နှစ်ဦးနှစ်ဖက်စလုံး အကျိုးဖြစ်ထွန်းမှု ရှိခဲ့ကြတာပေါ့"

"ဟုတ်လိုက်လေကွာ။ ဆိုင်ရှင်အစ်မကြီးက ထုတ်လုပ်သူ။ တို့က စားသုံးသူ။ နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်ရကြတာပေါ့။ ကဲ ... ကောင်း ပြီ။ တကယ်လို့ပေါ့ကွာ။ ဒီအစ်မကြီးက သူ့ရဲ့အမဲသားစဉ်းကောတစ်ပွဲ ကို ၂၅ ဆိုးလ်ကနေ ၁၀၀၀ ဆိုးလ်နဲ့ ဈေးတင်ရောင်းချင်တယ်ဆိုပါ တော့။ အဲ့ဒီလို ဈေးတင်လိုက်ရင် ဘယ်လိုဖြစ်သွားမယ်ထင်လဲ"

mgyoe.com

mgyoe.com


"အဲ့ဒီလို မတရားဈေးတင်လိုက်တာကို ဆီညော်က ဝယ်စားဦးမယ် ဆိုရင်တော့ ဆီညော်ဟာ တကယ့်အရင်းရှင်ကြီး၊ သူဌေးကြီးဖြစ်ရင်ဖြစ် ဒါမှမဟုတ် တကယ့်အမေရိကန်ကြီးပဲ ဖြစ်ရမယ်"

"ထားပါတော့ ... ထားပါတော့။ ဒါပေမဲ့ ဒီလောက် မတန်တဆ ဒီလောက်ဈေးတင်ထားမှတော့ ဘယ်သူက ဝယ်စားဦးမှာလဲ။ ဦးလည်း ဝယ်မစားတော့ဘဲ နေဖို့များသွားပြီ။ မဟုတ်ဘူးလား"

ဒေးဗစ်က သူ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်ပြ၏။

"ဒီလိုပဲ ... ဒေးဗစ်ရဲ့။ စီးပွားရေးလောကထဲ အရောင်းအဝယ် ပြုလုပ်ကြတဲ့နေရာမှာ ဈေးနှုန်းဆိုတဲ့အရာကို ဝယ်ယူစားသုံးသူတွေရဲ့ ဝယ်နိုင်မှုဘောင်အတွင်း လိုလားစွာ ဝယ်ယူနိုင်မှု 'စံ' က ပြဋ္ဌာန်း သတ်မှတ်ပေးတယ်ကွယ့်။ ဒါကြောင့် ဈေးကွက်ထဲ ပစ္စည်းတစ်ခု ဈေး မြင့်တက်သွားပြီဆိုရင် ... အဲ့ဒီပစ္စည်းကို ဆက်လက်ဝယ်ယူ စားသုံး သင့်သလား ... မစားသုံးသင့်တော့ဘူးလားဆိုတာကို စားသုံးသူတို့ရဲ့ 'ဝယ်လိုအား' ကပဲ အဆုံးအဖြတ်ပေးကြတယ်။ မင်းတို့ရဲ့ သမ္မတ ဘီလောင်းဒေးက အဆုံးအဖြတ်ပေးတာ မဟုတ်ဘူး။ ဒါဟာ ဈေးကွက် စီးပွားရေးရဲ့ အခြေခံသဘောတရားပဲ။ ဈေးကွက်စီးပွားရေး ... အဲ့... မင်းတို့အခေါ် အရင်းရှင်စီးပွားရေးမှာ ဈေးနှုန်းကို ဈေးကွက်ထဲဖြစ်ပေါ် နေတဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအားတို့က ပြဋ္ဌာန်းပေးတယ်ကွယ့်"

"ဒီလိုဆိုရင် ကျွန်တော်ကရော ဖိနပ်တစ်ခါတိုက်ခ ဘယ်လောက် သတ်မှတ်ရင် ကောင်းမလဲမသိဘူး"

"လက်ရှိ မင်းတို့ယူနေကြတဲ့နှုန်းက ဖိနပ်တစ်ခါတိုက်ရင် ဘယ် လောက်လဲ"

"၂၇၅ ဆိုးလ် (ဆင့် ၆၀ သို့မဟုတ် ၃/၅ ဒေါ်လာ) လောက်တော့ ရှိကြတယ်"

mgyoe.com

mgyoe.com


"ဟုတ်ပြီ၊ ဒါထက် မင်းနဲ့အပြိုင် ဖိနပ်တိုက်နေကြတဲ့ မင်းရဲ့ လုပ်ဖော်ကိုင်ဖက်တွေလိုကော မင်းက လုပ်နိုင်၊ ကိုင်နိုင်ရဲ့လား"

"ကျွန်တော်လား။ အားလုံးထဲမှာ ကျွန်တော်က အတော်ဆုံးပါဗျ" ဒေးဗစ်က ဝင့်ကြွားစွာဆို၏။

"ဒီလိုဆိုရင် သူများတွေထက် ပိုကောင်းအောင် ဖိနပ်တွေတိုက်ပေးပေါ့။ ပြီးတော့ ဖိနပ်တိုက်ခကိုလည်း နည်းနည်းပါးပါးပိုယူပေါ့။ မင်းလုပ်တာ ကိုင်တာကောင်းရင် လူတွေက ဈေးမဆစ်ပါဘူး။ ကျေကျေနပ်နပ် ပေးကြမှာပဲ"

"တကယ်လား"

သူ၏ ဆံပင်ဘုတ်သိုက်ကို ကျွန်တော့်လက်ချောင်းများဖြင့် ထိုးဆွကာ ပွတ်ပေးလိုက်ရင်း ...

"တကယ်ပေါ့ကွ၊ ကဲ ... ပြောနေရင် ကြာပါတယ်။ မင်းရဲ့ဖိနပ်တိုက် ကိရိယာတန်ဆာပလာတွေ သွားယူကြရအောင်"

ဒေးဗစ်က ကျွန်တော့်ကို သူ အိပ်စက်နားခိုရာ အိမ်အိုကြီးတစ်လုံးအောက်ရှိ အခန်းကျဉ်းကျဉ်းတစ်ခုထဲသို့ ခေါ်ဆောင်သွားခဲ့သည်။ ညစ်ထည်းမည်းမှောင်ပြီး အောက်စော်နံလှသည့်အခန်း။ အခန်းထောင့်မှာက ဖိနပ်တိုက်ကိရိယာ တိုလီမိုလီများထည့်ထားသည့် သူ၏သေတ္တာကလေး။

"ကဲ ... ဒေးဗစ်။ မင်းရဲ့သေတ္တာကို ယူ။ လိုတဲ့ပစ္စည်းတွေ တို့သွားဝယ်ကြမယ်"

သူ့အတွက် မရှိမဖြစ် လိုအပ်သည့် ပစ္စည်းတွေကို ကျွန်တော် စိုက်ဝယ်ပေးလိုက်သည်။ ဖိနပ်အရောင်တင် ပေါလစ်ရှ်ဆေး၊ ဖိနပ်တိုက်စရာ ဝက်မှင်ဘရပ်ရှ်၊ ဖလန်နယ်အဝတ်စ။ ပြီး ... ခွေးခြေပုကလေးတစ်ခု။ အားလုံး စာရင်းပေါင်းကြည့်လိုက်တော့ ဒေးဗစ်က ကျွန်တော့်

mgyoe.com

mgyoe.com



အပေါ် အကြွေး ၉ ဒေါ်လာ တင်ရှိနေပြီဖြစ်လေသည်။

"ပစ္စည်းလည်း စုံပြီ၊ ဒေးဗစ် ...။ မင်းအလုပ်လုပ်ဖို့ ဘယ်နေရာကို စခန်းချမလဲ"

ကျွန်တော် သူ့ကိုမေးလိုက်သည်။

"ဆန်မာတင် ပလာဇာကုန်တိုက် အဆောက်အအုံကြီးရဲ့ ဝင်ပေါက် အနားမှာပဲ စခန်းချချင်တယ်"

"ဘာပြောတယ် ဒေးဗစ်။ အဲ့ဒီ ဆန်မာတင်ပလာဇာအရှေ့မှာက မင်းလို ဖိနပ်တိုက်ပေးတဲ့ ကောင်လေးတွေက အများကြီးရှိနေကြတယ် မဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ၊ အများကြီးပဲ"

"ဘယ်နှယောက်လောက် ရှိမလဲ"

"နှစ်ဆယ်လောက်တော့ ရှိမယ်"

"သူတို့မှာလည်း သူတို့ဖောက်သည်တွေနဲ့ ဖြစ်နေကြမှာပေါ့"

"ဟုတ်ပါတယ်၊ သူတို့မိတ်နဲ့ သူတို့ပဲ"

"ဒါဖြင့်ရင် အဲ့ဒီနေရာကိုရှောင်။ အမျိုးအစားတူ စီးပွားရေး လုပ်တော့မယ်ဆိုရင် ကိုယ့်ထက်ဦးပြီး အထိုင်ကျသူတွေရှိနေတဲ့ နေရာမျိုး ကို ဘယ်တော့မှ မရွေးရဘူး ဒေးဗစ်ရဲ့"

ဈေးကွက်ထိုးဖောက်ရေး အခြေခံသဘောတရားကိုပါ သူ့အား ကျွန်တော်က ပြောပြနေရပြန်၏။

"ကောင်းပြီ။ လူများများ အဝင်အထွက်ရှိတဲ့ တခြားနေရာ ဘယ်မှာ ရှိသေးလဲ"

"ရှာရာတန်ဟိုတယ်ပေါ့။ အဲ့ဒီဟိုတယ်ကိုလည်း တိုးရစ်တွေ ခဏ ခဏ ရောက်လာတတ်တယ်။ လာကြရင်လည်း ဘတ်စ်ကားကြီးတွေနဲ့ အပြည့်ပဲ။ တခြား နိုင်ငံခြားသားတွေလည်း အများကြီးရှိတယ်။ တိုးရစ်

mgyoe.com

mgyoe.com


တွေဟာ အများအားဖြင့် သဘောကောင်းကြပါတယ်။ ပြီးတော့ သူတို့ရဲ့ဖိနပ်တွေကလည်း အားလုံးလိုလိုပဲ ညစ်ပတ်ပေရေနေတတ်ကြတယ်"

ရှာရာတန်ဟိုတယ်သို့ သွားရာလမ်းတွင် ထိုဟိုတယ်ဝန်းကျင်ရှိ အနည်းအကျဉ်းမျှရှိသော အခြား ဖိနပ်တိုက်စားသူကလေးများနှင့် မည်သို့ ယှဉ်ပြိုင်အနိုင်ယူရမည်ကို သူ့အား ပြောပြသွားခဲ့ရ၏။

လုပ်ငန်းအောင်မြင်နိုင်ဖို့ရန်အတွက် အဓိကအကျဆုံး 'စံ' မှာ အခြားမဟုတ်။ လုပ်ငန်းကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုကောင်းမွန်ရေးသာ ဖြစ်သည်ဆိုသည့်အချက်ကိုလည်း သူ့အား ပြောပြခဲ့ရသေး၏။

ရှာရာတန်ဟိုတယ်သို့ ရောက်သောအခါ ကျွန်တော် သတိမမူမိခဲ့သော မေးခွန်းတစ်ခုကို ဒေးဗစ်က ကျွန်တော့်အား မေးတော့၏။

"ဆီညော် ဘရူးဆေး။ ကျွန်တော် လုပ်ငန်းစပြီဆိုတော့ ဆီညော်ရဲ့ အစုရှယ်ယာကို ဘယ်လောက်သတ်မှတ်ပေးထားမှာလဲ။ တစ်ဝက်လား၊ တစ်စိတ်လား"

ထိုလုပ်ငန်းရှင်ပေါက်စကလေးကို ခေတ္တမျှ အသေအချာကြည့်ကာ ကျွန်တော် စဉ်းစားနေမိသည်။ ပြီးမှ ...

"တစ်ရာခိုင်နှုန်းလို့ သတ်မှတ်တယ်ကွာ"

"တစ်ရာခိုင်နှုန်းဆိုတာ ဘယ်လောက်ကို ပြောတာလဲခင်ဗျ"

"တစ်ရာခိုင်နှုန်းဆိုတာ ဆိုးလ်ငွေတစ်ရာ မင်းရှာလို့ရတိုင်း ဦးကို မင်းက တစ်ဆိုးလ်ပေးရမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့"

သူ့မျက်နှာကလေး ဝင်းလက်တောက်ပ၍သွား၏။ ဆိုးလ်တစ်ရာမှာမှ တစ်ဆိုးလ်တည်း ပေးရမည်ဆို၍ သူ ဝမ်းသာသွားခြင်း ဖြစ်လေသည်။

"ဆီညော်က သိပ်သဘောကောင်းတဲ့ အာမီးဂိုး(မိတ်ဆွေ)ပဲ"

ရှာရာတန်ဟိုတယ်သို့အဝင် ခန်းမကြီးထဲတွင် ဖြတ်သျှုကမ္ဘာလှည့်

mgyoe.com

mgyoe.com



ခရီးသည်တစ်ဦးနှင့် ကျွန်တော် အမှတ်မထင် တွေ့ဆုံမိသည်။

"ဒီမှာ မိတ်ဆွေ။ ခင်ဗျားရဲ့ဖိနပ်က ပေရေလှချည်လားဗျာ။ ခင်ဗျား ဖိနပ်ကို သန့်စင်ပွတ်တိုက်ချင်ရင် ဖိနပ်တိုက်သိပ်တော်တဲ့ ကောင်လေး တစ်ယောက် အပြင်မှာရှိတယ်။ ခင်ဗျား ဖိနပ်တိုက်ချင်ရင်ပြော၊ ကျွန်တော် သူ့ကိုလိုက်ပြပေးမယ်"

"လမ်းဘေးက ဒီဗရုတ်ကလေးတွေနဲ့ ကျုပ်ရဲ့ဖိနပ်ကို မတိုက်ချင် ပါဘူးဗျာ။ ဒီကောင်လေးတွေက လုပ်လိုက်ရင် မသပ်မရပ်နဲ့၊ အရမ်း ကာရောချည်းပဲ။ ဖိနပ်ပွတ်တိုက်ခံမိလို့ ကျုပ်ဘောင်းဘီတွေ ဆေးပေ ခဲ့ရပေါင်းလည်း များပြီ"

"ဒီကောင်လေးကတော့ တခြားကောင်လေးတွေနဲ့မတူဘူးဗျ။ ဖိနပ် တိုက်တဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူး။ သိပ်တော်တဲ့ ကောင်လေး ပဲ။ အချိန်ရရင် စမ်းကြည့်လိုက်ပါလား"

ကျွန်တော် အညွှန်းပြု အဆွယ်ကောင်းမှုကြောင့် ...

"အေးလေ ... ခင်ဗျားအညွှန်းကောင်းတာနဲ့ပဲ ကျုပ်စမ်းကြည့်ရ တော့မှာပဲ"

ကျွန်တော်ကပင် ဗြိတိသျှ ကမ္ဘာလှည့်ခရီးသည်အား ဒေးဗစ်ရှိရာ ဆီသို့ ခေါ်ဆောင်သွားခဲ့ရသည်။ ဒေးဗစ်အား ကျွန်တော်က အတည် ပေါက်ဖြင့် ...

"ဟေ့ ဒေးဗစ်၊ ဟောဒီက ဧည့်သည်ကြီးက သူ့ရဲ့ဖိနပ်ကို မင်းနဲ့ ပွတ်တိုက်သန့်စင်ချင်လို့တဲ့။ ကျေနပ်မှုရတဲ့အထိ သေသေသပ်သပ် မင်း လုပ်ပေးရမယ်နော်။ ဆေးအရောင်လည်း မမှားစေနဲ့ဦး။ တကယ် လို့ ဆေးအရောင်သုံးမှားမယ် ဒါမှမဟုတ် ဧည့်သည်ကြီးရဲ့ ဘောင်းဘီ ကို ဖိနပ်ဆေးတစ်စက်ကလေး ပေရေသွားမယ်ဆိုတာနဲ့ မင်းကို ဦးကိုယ်တိုင် လိုက်ရိုက်မှာနော်။ ဦးလိုက်ရိုက်လို့ မင်း ထွက်ပြေးမယ်

mgyoe.com

mgyoe.com



ဆိုလည်း မင်း ဘယ်လောက်ပြေးနိုင်မလဲ။ အင်းဒီးစ်တောင်ကြီးကို ကျော်ပြီး အီကွေဒေါနိုင်ငံသို့ရောက်အောင် ပြေးစေဦးတော့၊ မင်းမလွတ်နိုင်ပါဘူး။ ဦးက ရအောင်လိုက်မှာပဲ။ ကဲ ... အကောင်းဆုံးဖြစ်အောင် လုပ်ပေးလိုက် ကြားလား ..."

ဒေးဗစ်က ဗြိတိသျှကမ္ဘာလှည့်ခရီးသည်ကြီးကို ခွေးခြေပုကလေးပေါ် ထိုင်စေကာ ခြေထောက်နှစ်ဖက်ကိုတော့ သူ၏သေတ္တာကလေးပေါ် တင်ထားစေ၏။ ထိုအချိန်မှစ၍ ဒေးဗစ်က သူ၏ဝန်ဆောင်မှုလုပ်ငန်းကို စ,တော့၏။ ဖိနပ်နှစ်ဖက်တွင် ပေရေနေသော ရွှံ့ဖွက်နှင့် ဖုန်မှုန့်များကို ဦးစွာသန့်စင်ပစ်၏။ ပြီးတော့ အရောင်တင် ပေါလစ်ရှိဆေးကို လိမ်းကျံ၏။ ပြီးမှ ဝက်မှင်ဘရပ်ရှ်ဖြင့် ပွတ်တိုက်တော့၏။ သူ၏ဖိနပ်တိုက်ပုံက ဝတ်ကျေတန်းကျေမဟုတ်။ စိတ်ပါလက်ပါ တိုက်၏။ အားစိုက်ခွန်စိုက် တိုက်၏။ အလုပ်လုပ်ပုံကလည်း သေသပ်၏။

ဒေးဗစ်၏ အလုပ်လုပ်ပုံ ကျွမ်းကျင်မှုနှင့် စေတနာထားမှုကို ကြည့်ရင်း ဗြိတိသျှ ကမ္ဘာလှည့်ခရီးသည်ကြီးသည်ပင် ကြီးစွာ အံ့အားသင့်သွားရတော့၏။ သူ၏ပွတ်တိုက်သန့်စင်မှုကို အဆုံးသတ်သည့်အနေဖြင့် ဖလန်နယ်စဖြင့် နောက်ဆုံးပွတ်တိုက်ပေးလိုက်ပြီးနောက် ထိုအဝတ်စကိုဖြန့်၍ ဟန်ပါပါဖြင့် လေထဲခါပစ်လိုက်၏။

သို့နှင့်ပင် ဗြိတိသျှကမ္ဘာလှည့်ခရီးသည်ကြီး၏ အစုံသော ရှူးဖိနပ်သည် မိနစ်ပိုင်းအတွင်းမှာပင် ဖိနပ်အသစ်တစ်ရန်ပမာ ဖိတ်ဖိတ်တောက်လောက်အောင် ပြောင်လက်၍သွား၏။

"မောင်မင်း ... ဖိနပ်တိုက်တာ သိပ်ကိုတော်ပါလား။ နေပါဦး။ မင်းကို ကျုပ်ဘယ်လောက်ပေးရမလဲ"

ဗြိတိသျှကြီးက မေးလိုက်ခြင်းဖြစ်၏။

ဒေးဗစ်က ကျွန်တော့်ကို မော့ကြည့်၏။ ကျွန်တော် ဘယ်လိုပြောရ

mgyoe.com

mgyoe.com


မည်နည်း။ ဒါ သူ၏အလုပ်ပေပဲ။ ဒါကြောင့် ကျွန်တော့်လက်ဖဝါး နှစ်ဖက်ကို အပေါ်သို့လှန်ပြီး ပခုံးနှစ်ဖက်ကိုသာ တွန့်ပြလိုက်ရတော့၏။ ဆိုလိုသည်မှာ ဒါငါနှင့်မဆိုင်၊ ဒါမင်းအလုပ်၊ မင်းဟာမင်း ဆုံးဖြတ်ဟူသည့် အဓိပ္ပာယ်။

"ထရယ်စီယန်းတိုး ... ဆိုးလ် ... ဆီညော်"

ကျွန်တော် ပြုံးလိုက်မိ၏။ ဒေးဗစ်တောင်းဆိုလိုက်သည့် သူ၏ လုပ်အားခက ဆိုးလ်သုံးရာဖြစ်၏။ အခြား သူ့ပြိုင်ဘက်ဖိနပ်တိုက် သမား ကလေးများတောင်းသည့် နှုန်းထက် ၂၅ ဆိုးလ် မြင့်နေ၏။

ဗြိတိသျှကြီးက သူ၏ပိုက်ဆံအိတ်ကိုဖွင့်ကာ ဆိုးလ် ၅၀၀ တန် တစ်ရွက်ကို ဆွဲထုတ်လိုက်ပြီး ဒေးဗစ်အား ကမ်းပေးရင်း ...

"ရော့ ... ဒါဟာ မင်းရဲ့ အင်မတန်ကောင်းမွန်တဲ့ ဝန်ဆောင်မှု အတွက် ကျုပ်ရဲ့ဆုချမှုပဲ"

ဒေးဗစ်ခမျာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

"ကျုပ်ရဲ့မိတ်ဆွေတွေ ကျုပ်ရဲ့ခရီးသွားဖော်တွေလည်း မောင်မင်း ဆီမှာပဲ ဖိနပ်လာတိုက်ကြဖို့ ကျုပ်တိုက်တွန်းလိုက်မယ်။ ကဲ ... မင်း ဝမ်းသာလို့သာ နေပေတော့ဟုတ်လား"

ဒေးဗစ်သည် သူ၏ဝန်ဆောင်မှုလုပ်အားဖြင့် ထိုက်တန်စွာ ရရှိ လိုက်သော ဗွေဆော်ဦး ငွေစက္ကူကိုကြည့်ရင်း သူ၏အစုံသော မျက်ဝန်း ထဲမှာပင် မျက်ရည်တွေ ဝဲလာ၏။ ဝမ်းသာလွန်းလို့ ရစ်ဝဲလာရသည့် ပီတိမျက်ရည်များ။

ကျွန်တော်သည် သူ့အား မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီးနောက် ထိုနေရာမှ လှည့်ထွက်လာခဲ့၏။

တည်းခိုရာ ရှာရာတန်ဟိုတယ်အပေါ်ထပ်ရှိ မိမိအခန်းထဲသို့ ပြန် ရောက်သည့်တိုင် ကျွန်တော်သည် အေးအေးဆေးဆေး အနားမယူနိုင်။

mgyoe.com

mgyoe.com



ကျွန်တော့်စိတ်က တစ်ချိန်လုံး ဒေးဗစ်ဆီမှာ။ သူ အလုပ်လုပ်နေပုံကို ဝရန်တာပေါ်မှ ခဏခဏ ထွက်ကြည့်ခဲ့ရသည်က အမော။ ဒေးဗစ်သည် အနားယူချိန်မရလောက်အောင်ပင် တစ်ယောက်ပြီးတစ်ယောက် ဖိနပ်တိုက်ပေးနေရ၏။ သူ လုပ်ရလွန်းသဖြင့် သူ၏ပြိုင်ဘက် 'ဂိုလိုက်ယက်' များသည်ပင် တစ်ဦးပြီးတစ်ဦး အလဲထိုးခံရသလို 'နောက်ကောက်' ကျကုန်ကြရပြီ။

ဟိုတယ်အရှေ့မှ ဖြတ်လျှောက်သွားသည့် နိုင်ငံခြားသားမှန်သမျှကို သူနှင့် ဖိနပ်တိုက်မှုခံယူရန် သူ၏ပြောဆိုခေါ်ယူပုံ စတိုင်ကိုကြည့်ရင်း ကျွန်တော်သည်ပင် တစ်ယောက်တည်း ကျိတ်၍ပြုံးရယ်နေရ၏။

"ဆီညော် ... ဖိနပ်တိုက်ပါလားဗျာ။ အကောင်းဆုံးဖြစ်အောင် ကျွန်တော် တိုက်ပေးပါမယ်။ ဖိနပ်တိုက်ရာမှာတော့ ကျွန်တော်က အတော်ဆုံးလူပါဗျ"

♦♦♦

နေတောင် အတော်စောင်းသွားပြီဖြစ်သည်။ တယ်လီဖုန်း မြည်လာသဖြင့် စကားပြောခွက်ကို ထ၍ကိုင်လိုက်ရ၏။ ဟိုတယ်အပေါက်စောင့်က ဆက်ခြင်းဖြစ်၏။

လူကြီးမင်းရဲ့အခန်းဆီသို့ တိတ်တဆိတ် တက်ရောက်ဖို့ ကြိုးစားနေတဲ့ လမ်းပေါ်က ကောင်လေးတစ်ယောက်ကို ကျွန်တော်တို့ ဖမ်းမိထားပါတယ်။ သူ့ကို လူကြီးမင်းနဲ့ တွေ့ခွင့်မပေးဘဲ ဟိုတယ်ပေါ်က ဆွဲချရင် လူကြီးမင်းက ကျွန်တော်တို့ကို ထိုးကြိတ်လိမ့်မယ်ဆိုပြီး ပြန်ခြိမ်းခြောက်နေတယ်။ သူက လူကြီးမင်းနဲ့ တွေ့ပါရစေချည်း ပြောနေတယ်။ ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ။ လွှတ်တင် ပေးလိုက်ရမလား ခင်ဗျာ"

mgyoe.com

mgyoe.com



"လွှတ်တင်လိုက်ပါ။ ဘာပြဿနာမှ မရှိပါဘူး။ ဒီကလေးက ကျွန်တော့်ရဲ့ အလုပ်လုပ်ဖော်ကိုင်ဖက်ပါဗျ။ ကျေးဇူးပြုပြီး လွှတ်တင်လိုက်ပါ"

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြား၍ အခန်းတံခါးကိုထဖွင့်လိုက်တော့ အခန်းဝတွင် ရပ်နေသူက ဒေးဗစ်။ ကျွန်တော့်ထံသို့ ဆန့်ထုတ်ထားသော သူ၏လက်ဖဝါးထဲမှာက ငွေတွေ တစ်ဆုပ်ကြီး။ ၁၀၀ တန် ဆိုးလ်ဒင်္ဂါးတွေ။ ၅၀၀ တန်ဆိုးလ်ငွေစက္ကူတွေ။

ကျွန်တော်နှင့်သူ ငွေတွေကို ရေတွက်ကြည့်ကြသည်။ ရေတွက်ပြီးတော့ သူ့ကိုစိုက်ထုတ်ပေးထားသည့် ကိုးဒေါ်လာကို ကျွန်တော် ပြန်နုတ်ယူလိုက်သည်။ ပြီး ကျွန်တော်ရမည့် တစ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကိုပါ ယူလိုက်သည်။ ယင်းသည့်တိုင် သူ့တွင် ၂ ဒေါ်လာနှင့် ဆင့် ၇၀ ကျန်နေသေးသည်။ ဒီနေ့အတွက် သူအရနည်းသွားသည်က မှန်၏။ သို့ပေသိ ကိစ္စမရှိ။ ဒီနေ့မှစ၍ သူ၏လုပ်အားခသည် ယခင်ကာလများထက် အများကြီး တိုးတက်များပြားလာခဲ့ပြီ ဆိုသည့်အချက်ကို သူကောင်းကောင်း သိရှိသွားခဲ့ရပြီဖြစ်သည်။

သူပြန်ရန် လှည့်ထွက်မည်အလုပ် ဖိနပ်တိုက်အရောင်တင်ဆေးများ ပေကျံလျက်ရှိသော သူ၏လက်ကလေးဖြင့် ကျွန်တော့်အားနှုတ်ဆက်ရန် ကမ်းလှမ်းလာ၏။

"ဆီညော် ... တစ်နေ့ကျရင် ဆီညော်တို့ရဲ့ အမေရိကန်နိုင်ငံကို ကျွန်တော်လာလည်နိုင်အောင် ကြိုးစားပါ့မယ်။ အဲဒီလိုလာလည်နိုင်လောက်အောင် ငွေကလေးကြေးကလေး စုဆောင်းနိုင်လိမ့်မယ်လို့လည်း ကျွန်တော် မျှော်လင့်ပါတယ်။ လာလည်နိုင်ပြီဆိုရင်တော့ ဆီညော်ဆီ အရင်ဦးဆုံးလာတွေ့ပါမယ်"

mgyoe.com

mgyoe.com



ကျွန်တော်က သူ၏လက်ကလေးကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားမိသည်။

"အဲဒီလိုသာ လာလည်နိုင်မယ်ဆိုရင် သိပ်ကောင်းတာပေါ့ကွာ။ မင်းကို ဦးမျှော်နေပါ့မယ်။ ဒီအတောအတွင်းမှာတော့ မင်းတို့ ပီရူးနိုင်ငံ တိုးတက်ဖို့အတွက် မင်းတို့လို လူငယ်တွေ အများကြီးကြိုးစားဖို့ လိုတယ်ကွ"

ကျွန်တော်တို့နှစ်ယောက်အကြား တိတ်ဆိတ်ခြင်းက တဒင်္ဂမျှ လွှမ်းခြုံ၍ သွား၏။ တစ်ယောက်ကိုတစ်ယောက် ဘာဆက်ပြောရမှန်း မသိဘဲ ဖြစ်နေကြ၏။

"ပီရူးအတွက် အလုပ်အကျွေးပြုနိုင်အောင် ကျွန်တော် ကြိုးစားပါ့မယ်"

ကျွန်တော်က သူ၏လက်ကလေးကို ပြန်လွှတ်ပေးလိုက်၏။

အောက်ထပ်ရှိ ခန်းမကြီးထဲသို့ဆင်းရာ လှေကားကြီးဆီသို့ သူလှည့်ထွက်၍သွား၏။ လှေကားထိပ်အရောက်တွင် သူ ခဏရပ်လိုက်ပြီး ကျွန်တော့်အား သမင်လည်ပြန်ကြည့်နေ၏။ ကျွန်တော်က ကျွန်တော်၏ ညာလက်ကို ဆန့်တန်း၍ထုတ်ကာ လက်မကို အပေါ်သို့ ထောင်ပြလိုက်၏။

"အဲရိဘား ..."

တိုးတက်ရမည်။ ကြီးပွားရမည်။ အောင်မြင်ရမည် ... ဟူသော အဓိပ္ပာယ်များပါသည့် စပိန်စကားကို ကျွန်တော်က အော်ပြောလိုက်ခြင်း ဖြစ်သည်။

"အဲရိဘား ..."

သူကလည်း သူ၏လက်ကလေးတစ်ဖက်ကို လေထဲသို့မြှောက်၍ ပြန်ကြွေးကြော်လိုက်၏။ ဖိနပ်ပွတ်တိုက်ရာတွင် အသုံးပြုသည့် အဝတ်စ

mgyoe.com

mgyoe.com


က သူ၏လက်ထဲမှ တန်းလန်းကျလျက်။

ကျွန်တော်ရော သူရော တစ်ဦးကိုတစ်ဦးကြည့်ကာ အတူတကွ ပြိုင်တူရယ်မောနေမိကြပြီးနောက်မှာတော့ ...

"တွေ့ကြဦးမယ်နော် ..."

ဟုဆိုကာ ဒေးဗစ်သည် လှေကားကြီးအတိုင်း ဟိုတယ်အောက်ထပ်သို့ အပြေးကလေး ဆင်းသွားပါလေတော့သည်။

From Beggar to Entrepreneur in a Day
by Bruce Alan Johnson

R.D, August, 1889. (Hong Kong)

❐

mgyoe.com

mgyoe.com

# သတင်းစာအိပ်မက်

ကျွန်တော့်အသက်က ရှစ်နှစ်ရှိပြီမို့ အရွယ်ကလေး ငယ်လှသေးဟု ဆိုနိုင်ပါ၏။ သို့သော်လည်း အသိတရားကမူ အတော်အတန် ရှိနေခဲ့ပြီ ဖြစ်သည်။ ယုံကြည်ချက်တစ်ရပ်ကပင် ကျွန်တော့်ကို ရစ်ပတ်လို့နေပြီ။ ထိုယုံကြည်ချက်ကား အခြားမဟုတ်။ သတင်းစာ နေ့စဉ်လိုက်ပို့ရသော ခရီးလမ်းကြောင်းတစ်ခုကို မိမိကိုယ်တိုင် ဝင်လုပ်ခွင့်ရလျှင် မည်မျှ ကောင်းလိုက်မည်နည်းဟူသော ဆန္ဒပင်ဖြစ်သည်။ ကိုယ့်အလုပ်အကိုင် ကလေးနှင့်ကိုယ်ဆိုလျှင် မုန့်ဖိုး၊ ပဲဖိုးကလေး ရမည်ကတော့ ကေန်ဖြစ် သည်။ အဖေနှင့်အမေကိုချည်း အားမကိုးရတော့ဘဲ ကိုယ့်ခြေထောက် ပေါ် ကိုယ်ရပ်တည်နိုင်မည့် အဓိပ္ပာယ်လည်း ဆောင်သည်။ သည် အလုပ်သာ လုပ်ခွင့်ရလျှင် ကျွန်တော်သည် အလုပ်တစ်ခုကို မည်သူ့မျှ အားမကိုးဘဲ လုပ်နိုင်ကြောင်း အဖေ့အား လက်တွေ့ပြနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။ အဖေကလည်း ကျွန်တော့်အစွမ်းအစ၊ ကျွန်တော့် လုပ်ရည်ကိုင်ရည်ကို အသိအမှတ်ပြုနိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။

အဖေ့ပုံစံကြည့်ရသည်က တစ်နေ့နေ့တစ်ချိန်ချိန်တွင် အလုပ်အကိုင် ကောင်းကောင်းကလေးတစ်ခု ကျွန်တော် လုပ်ကိုင်နိုင်လာလိမ့်မည်ဟု

mgyoe.com

mgyoe.com


မှျော်လင့်နေသည့်ပုံပဲ ဖြစ်သည်။

◆◆◆

အဖေ့မိဘနှစ်ပါးက အဖေအရွယ်မရောက်မီ ကလေးဘဝကတည်းက ဆုံးပါးသွားခဲ့ကြသည်။ မိဘမဲ့ဖြစ်သွားခဲ့ရခြင်းကြောင့် အဖေသည် သူ၏အဘိုးဖြစ်သူနှင့် နေခဲ့ရသည်။ အဘိုး၏အုပ်ထိန်းမှုဖြင့် ကြီးပြင်းခဲ့ရသည်။ သူ၏အဘိုးနှင့်အဖေ အတူနေခဲ့ရသော အချိန်မှာ ၁၉၃၀ ပြည့်လွန်နှစ် ဟမ္ဘာစီးပွားရေးပျက်ကပ် ကျရောက်ခဲ့သော ကာလများပင် ဖြစ်သည်။

အဖေ့အဘိုးက တက္ကဆက်ပြည်နယ်ရှိ ယာတောကလေးတစ်ခုမှာ နေထိုင်သည်။ အဖေ့အဘိုး ကျွန်တော့်အဘေးက စည်းစနစ်ကြီးသည်။ သို့သော်လည်း စိတ်ကောင်းစေတနာကောင်းတော့ ရှိသည်။ ယာတောထဲနေရင်း အဖေသည် အလုပ်နှင့်လက် ဇယ်ဆက်သလို လုပ်ခဲ့ရသည်။ ယာခင်းထဲ စိုက်ပျိုးထားသော ဝါပင်များမှ ဝါများကို နေ့စဉ်လိုပင် ဆွတ်ခဲ့ရသည်။ ပြီးတော့ လယ်ထွန်ရသည်။ ရေလောင်းရသည်။ ပေါင်းသင်ရသည်။

သည်လိုနှင့်အရွယ်ရောက်လာပြီးနောက် သူ့ခြေထောက်ပေါ်သူ ရပ်နိုင်လာသောအခါ ပလတ်စတစ်စက်ရုံတစ်ရုံမှာ စက်မောင်းသူ အော်ပရေတာ ဖြစ်လာခဲ့သည်။ အဖေ့ဘဝမှာ ကျင်လည်ခဲ့ရသော အလုပ်များဆို၍ ဤမျှသာဖြစ်သည်။

ရောင်းရေးဝယ်တာအလုပ်ကို သင်ယူလေ့လာခြင်းဟူသည် လူငယ်လူရွယ်တစ်ဦးအတွက် အခြေခံအကျဆုံးသော ပညာတစ်မျိုးဖြစ်သည်ဟု အဖေက ခံယူထားသည်။ ယခုအထိတော့ အဖေဖြစ်စေချင်သည့် ကိုယ့်စွမ်းကိုယ်စရှိမှုမျိုးကို ကျွန်တော်က မပြနိုင်သေး။ တကယ်တော့

mgyoe.com

mgyoe.com


ကျွန်တော့်အသက်က ငယ်လှသေးသည်ပဲ။ ယခုမှ ရှစ်နှစ်။

◆◆◆

ညစဉ်ညတိုင်း ကျွန်တော်တို့မိသားစုဝင် ၆ယောက် ညစာအတူ စားသောက်ရန် ထမင်းစားပွဲမှာ ဆုံဖြစ်ကြသည်။ အဖေရယ် အမေရယ် နှင့် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမလေးယောက်တို့ ဖြစ်သည်။ ညစာ စားပြီးတိုင်း အဖေက ဝတ္တရားမပျက် နေ့စဉ်ရက်ဆက် ဆိုသလိုပင် ကျွန်တော့်အား မေးခွန်းတစ်ခုမေးတတ်သည်။

"သား ... ဒီနေ့ကျောင်းမှာ ဘာသင်ယူခဲ့ရသလဲကွယ့်"

ညစာစားပွဲမှာ ထိုင်လျက်ရှိသူအားလုံး ငြိမ်သက်တိတ်ဆိတ်သွားကြ၏။ မျက်လုံးအားလုံးကမူ ကျွန်တော့်အပေါ်သို့သာ စူးစိုက်၍ ကျရောက်လာကြတော့သည်။

အဖေ သည်သို့မေးမည်ကို သိသော်လည်း ဘယ်အခါမျှ ကြိုတင် မပြင်ဆင်ထားမိသော ကျွန်တော်သည် ကျွန်တော့်အရှေ့ရှိ ပန်းကန်ပြား ထဲသို့သာ ငေးကြည့်ရင်း ...

"ဒီနေ့ ဟုတ်တိပတ်တိ ဘာမျှ သိပ်မသင်ခဲ့ရပါဘူး အဖေ"

"ဒါဆိုရင် ဘာလုပ်ဖို့ ကျောင်းနေတော့မှာလဲ။ ကျောင်းထွက်ပြီး အလုပ်တစ်ခုခုလုပ်ဖို့ ကောင်းနေပြီ"

သည်စကားကတော့ အဖေ့နှုတ်ဖျားမှ ပေါ်ထွက်လာခဲ့ကြသည့် စကားများ မဟုတ်ပါ။ သို့သော်လည်း ယင်းသို့သော အဓိပ္ပာယ်မျိုးကို ဆိုလိုသည့် အပြုံးရိပ်ကလေးတစ်ခုသည် ဘဝ၏ဒဏ် ကောင်းကောင်း ခံထားရမှုကြောင့် ကြမ်းတမ်းခက်တရော်လှသည့် အဖေ့၏မျက်နှာပေါ် မှာ ဖြတ်သန်း၍သွားလေသည်။

◆◆◆

mgyoe.com

mgyoe.com


သည်လိုနှင့် ညစဉ်ညတိုင်းလိုပင် ကျွန်တော် အိပ်ရာဝင်တိုင်း စိတ်ကူးယဉ်နေမိသည်ကတော့ သတင်းစာလိုက်ပို့ပေးရေး အစီအစဉ်ပင် ဖြစ်နေရတော့၏။

ကျွန်တော့်အာသီသ။ ကျွန်တော့်ရည်မှန်းချက်နှင့် ပတ်သက်၍ ပြဿနာတက်စရာ အချက်နှစ်ရပ်လောက်တော့ ရှိနေ၏။

အရွယ်မရောက်သေးသူတစ်ယောက်အား အလုပ်မလုပ်ခိုင်းရ။ အလုပ်လုပ်နိုင်ရန်အတွက် အနည်းဆုံး အသက် ၁၂ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်ဟူသော အလုပ်သမားဆိုင်ရာ ဥပဒေတစ်ရပ်ကလည်း ရှိနေ၏။ ကျွန်တော့်အသက်က အနည်းဆုံးသတ်မှတ်ချက် ပြည့်မီဖို့ရန် လေးနှစ်ခန့်လိုနေသေး၏။

ကျွန်တော့်သူငယ်ချင်း ဖရင်ကီကမူ သတင်းစာပို့သည့်အလုပ်ကို လုပ်နေခဲ့သည်မှာ ကျွန်တော် မှတ်မိသလောက် အတန်ပင်ကြာခဲ့ပြီ။ ဖရင်ကီ၏ အသက်က ၁၄ နှစ်ရှိပြီ။ သူက လူကောင်လည်း ထွားသည်။ ကျွန်တော့်ကိုယ်ခန္ဓာထက် နှစ်ဆလောက် ကြီးမားထွားကျိုင်းသည်။ ပြီး သူက သည်အလုပ်ကို တော်ရုံနှင့်စွန့်လွှတ်မည့်ပုံလည်း မပေါ်သေး။

သို့ပါလျက်နှင့် ... အကယ်၍သာ သည်သတင်းစာပို့ရသည့် အလုပ်ကို အကြောင်းကြောင်းကြောင့် သူ လက်လွှတ်ရတော့မည် ဆိုပါလျှင် ကျွန်တော့်အား သူ့နေရာ၌ အစားထိုးဖို့အရေး ထောက်ခံပေးရန် ဖရင်ကီအား ထပ်တလဲလဲမှာထားမိသည်။ ဖရင်ကီကလည်း ကျွန်တော့်ကိုသာ ထောက်ခံပေးမည်၊ သူ့အလုပ်ရှင်ကို ပြောပေးမည်ဟု ကတိပေးသည်။ သူ့ကတိကြောင့် ကျွန်တော်၏မျှော်လင့်ချက်တွေ ရှင်သန်လျက်ပင်နေသည်။

ကျွန်တော်က ကျောင်းအားချိန်များတွင် ဖရင်ကီကို စေတနာ့ဝန်ထမ်းဝိုင်းကူ၍ လုပ်အားပေးရင်း သတင်းစာလိုက်ပို့ရာ လမ်းတစ်လျှောက်

mgyoe.com

mgyoe.com



သူ့အနောက်မှ တကောက်ကောက် လိုက်ပါခဲ့သည်။ သို့ကြောင့်လည်း သတင်းစာလိုက်ပို့ရသည့် လမ်းကြောင်းကို ကောင်းစွာနေ့ကျေအောင် သိနေခဲ့သည်။

နေ့စဉ် ညနေဘက် ကျောင်းလွတ်လိုက်ပြီဆိုသည်နှင့် ကျွန်တော် သည် စက်ဘီးကလေးကိုနင်းကာ သတင်းစာ အထုပ်အပိုးများ စုပုံရာ လမ်းထောင့်ဆီသို့ သုတ်ခြေတင်၍ သွားတတ်လာသည်။ ကျွန်တော် ရောက်သွားသည့်အချိန်တိုင်း ဖရင်ကီနှင့် အခြားသတင်းစာပို့သူများကို ထိုနေရာမှာ အမြဲတွေ့ရသည်။ လမ်းဘေး ကွန်ကရစ်ပလက်ဖောင်းပေါ် တွင် နေရာအနှံ့၌တွေ့မြင်ရသည်က စက်ဘီးတွေ၊ ပြီးတော့ လိမ္မော် ရောင် ပတ္တူအိတ်တွေ၊ အပုံလိုက်အထပ်လိုက် သတင်းစာတွေ၊ သားရေ ကွင်းတွေ။

သတင်းစာများကို လိုက်ပို့ကြရမည့်သူများကတော့ ဘယ်သူ့ကိုမှ ခေါင်းမော့်၍မကြည့်အားအောင် အလုပ်ရှုပ်လျက်ရှိကြသည်။ ခေါက် သည့် သတင်းစာကို ခေါက်၊ လိပ်သည့်သတင်းစာကို လိပ်၊ သားရေ ကွင်းနှင့် ပတ်သည့်သတင်းစာကို ပတ်ကြရသည်။ အားလုံး အဆင်သင့် ဖြစ်သောအခါ ဖရင်ကီက သတင်းစာတချို့ကို ကျွန်တော့်အား ကမ်း ပေးလာသည်။ သူကမူ သတင်းစာအထပ်လိုက်ကြီးကို သူ့စက်ဘီး အနောက်ထိုင်ခုံ (ကယ်ရီယာ) ပေါ်သို့တင်ကာ ကြိုးနှင့်သိုင်း၍ ချည် နှောင်လိုက်လေသည်။ သူ့စက်ဘီးသည် သတင်းစာ ဝန်ထုပ်ဝန်ပိုး၏ အလေးချိန်ကို ခံနိုင်လောက်အောင် ကြံ့ခိုင်တောင့်တင်းလှသည့်စက်ဘီး ဖြစ်သည်။

ဖရင်ကီက သူ့စက်ဘီးကို ရှေ့မှနေ၍ အသားကုန်နင်းသည်။ ကျွန်တော်ကလည်း ကျွန်တော့်စက်ဘီးကို တအားနင်းကာ သူ့အနောက် တရကြမ်းလိုက်ရသည်။ ကျွန်တော်က သူ့ကို အလျဉ်မီအောင် ကောင်း

mgyoe.com

mgyoe.com


ကောင်းမလိုက်နိုင်။ သူကမူ တစ်လမ်းဝင် တစ်လမ်းထွက် ကွေ့ကောက်ဝင်ရောက်လျက် ဣန္ဒြေရစွာပင် သတင်းစာများကို ဝင်ပို့သည်။

လိပ်၍သားရေကွင်းပတ်ထားသည့် သတင်းစာကို စက်ဘီးနင်း၍သွားရင်းမှပင် ဘာမျှအားမထုတ်လိုက်ရသလို သက်သက်သာသာကလေး ဖရင်ကီ ပစ်သွင်းလိုက်ပုံကိုကြည့်ရင်း သူ့ကို ကျွန်တော် သိပ်အားကျမိသည်။ သတင်းစာလိပ်သည် ဝက်သစ်ချသားဖြင့် တည်ဆောက်ထားသည့် ဝင်းတံခါးကြီးပေါ်မှ ကျော်ဖြတ်၍ အိမ်ရှေ့ရှိဝရန်တာသံလက်ရန်းအတွင်းသို့ တည့်တည့်မတ်မတ်ပင် ဝင်သွား၏။ သတင်းစာ ပစ်သွင်းသည့်နေရာမှာတော့ ဖရင်ကီက သိပ်ကိုကျွမ်းကျင်သည်။ တိလည်းတိကျသည်။ သေလည်းသေချာသည်။ ဘယ်အခါပစ်ပစ် ပစ်မှတ်နှင့် ဘယ်တော့မှမလွဲ။ အိမ်ရှေ့မျက်နှာစာရှိ ဆင်ဝင်အောက်သို့ သေချာပေါက်ရောက်အောင် လမ်းပေါ်မှာ စက်ဘီးနင်းသွားရင်း လှမ်း၍ပစ်သွင်းနိုင်သည်။ ပြတင်းပေါက်ထဲဝင်အောင် ပစ်ရမလား။ သူကရသည်။

◆◆◆

ကျွန်တော် ကြုံတွေ့သိရှိရသလောက်တော့ သတင်းစာပို့ရသည့်အလုပ်တွင် တစ်ခုတည်းသော ဆိုးရွားမှုမှာ သတင်းစာယူရန် ဖောက်သည်အသစ်များ ရှာဖွေရမှုပင် ဖြစ်သည်။ ဖောက်သည်အသစ် ရှာရသည့်အလုပ်သည် ကြောက်ရွံ့စရာကောင်းသလို စိုးထိတ်စရာလည်းကောင်း၏။

မှောင်ရီပျိုးစပြုနေသည့် အချိန်အခါမှာ လူစိမ်းတစ်ဦး၏အိမ်တံခါးကိုခေါက်၍ သတင်းစာလပေးယူ၍ ဖတ်ပါရန် တောင်းပန်ခယစွာပြောဆိုရမှုသည် တကယ်တော့မလွယ်။ သတ္တိအတော်ရှိရသည့် အလုပ်

mgyoe.com

mgyoe.com


ပင်ဖြစ်သည်။ အများအားဖြင့်တော့ မယူသေးဘူးကွာ ဟု ဘုတောလွှတ်တတ်ကြသည်။ တစ်ခါတလေမှသာ တစ်ဦးတလေက သတင်းစာလပေးယူရန် စိတ်ဝင်စားတတ်သည်။

"ညနေပိုင်းထုတ်တဲ့ သတင်းစာလားဟေ့"

အများအားဖြင့် သည်သို့ပင် သူတို့က မေးတတ်ကြသည်။

"ကောင်းပြီလေ။ ကျုပ်တို့ အစမ်းသဘောနဲ့ ဖတ်ကြည့်မယ်လို့ စိတ်ကူးတယ်။ မင်းဘယ်တော့စပြီး ပို့ပေးနိုင်မှာလဲ"

"ခုအချိန်ကပဲစပြီး ပို့ပေးတယ်လို့ သဘောထားလိုက်ပါ။ ဒါပေမဲ့ အခု ကျွန်တော်ပေးခဲ့တဲ့ သတင်းစာကတော့ မေတ္တာလက်ဆောင်ပေါ့ ခင်ဗျာ"

ဖရင်ကီက မရဲတရဲနှင့် ပြုံးဖြဲဖြဲဆိုရင်း ညနေထုတ် သတင်းစာတစ်စောင်ကို မေတ္တာလက်ဆောင်အဖြစ် ပေးခဲ့၏။

"ဒီမယ် ... မင်းမှတ်ထားဖို့က လူတွေကို သူတို့မျှော်လင့်ထားတာထက် ပိုပြီး အမြဲပေးရတယ်။ အဲဒီလိုသာ လုပ်နိုင်လို့ကတော့ မင်းဘက်က တစ်လေးသာပြီမှတ်"

ဖရင်ကီက စက်ဘီးကို ကုန်းနင်းနေရင်းမှ ကျွန်တော့်ကို လှမ်း၍ ပြောနေခြင်းဖြစ်သည်။

ကျွန်တော်တို့ အိမ်အပြန်ခရီးတွင် လမ်းမီးတိုင်များပင် ထိန်ညီးစွာ လင်းထင်းလျက်ရှိနေကြလေပြီ။

◆◆◆

သတင်းစာပို့ရသည့် ဒီလမ်းကြောင်းကို ဖရင်ကီနှင့်အတူလိုက်၍ စေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးခဲ့သည်မှာ ဘာလိုလိုနှင့် ၂ နှစ်ကျော်ကျော် ကြာသွားခဲ့သည်။ ၂ နှစ်တည်းဟူသော ထိုကာလသည်

mgyoe.com

mgyoe.com


ကျွန်တော့်အဖို့တော့ အပျော်ဆုံးနေ့များပင် ဖြစ်ခဲ့သည်။

သည့်နောက် တစ်ခုသော နွေဦးရာသီ၏ တစ်ရက်သော မွန်းလွဲပိုင်းတွင် ဖရင်ကီထံမှ ရုတ်တရက် ပေါ်ထွက်လာသည့် စကားတစ်ခွန်းကြောင့် ကျွန်တော် အတော့်ကို အံ့အားသင့်သွားခဲ့ရသည်။ တကယ့်ကို မယုံရက်စရာ စကားပဲဖြစ်သည်။

"မင်းကို ငါဘယ်လိုပြောရမှန်းတောင် မသိတော့ဘူးကွာ"

ဖရင်ကီက သူ့လက်တစ်ဖက်ကို ကျွန်တော့်ပခုံးပေါ် သိုင်းဖက်ရင်း ပြောခြင်းဖြစ်၏။ ကျွန်တော်က သူ ဘာဆက်၍ပြောမည်နည်းဟု နားထောင်နေစဉ်မှာပင် သူက ...

"ဘော့စ်ဘောနည်းပြဆရာ မစ္စတာဘလက်ခ်က ငါ့ကို သူ့အသင်းမှာ ပါဝင်ကစားစေချင်နေတယ်။ ငါ့ရဲ့စပေးဘောကို တော်ရုံလူမဖမ်းနိုင်တာ မစ္စတာဘလက်ခ် အရမ်းသဘောကျနေတယ်။ ခုဆိုရင် သူ အတင်းအဓမ္မ လာခေါ်လို့ သတင်းစာအလုပ်ပြီးတာနဲ့ ညနေတိုင်း သူ့အသင်းနဲ့အတူ လေ့ကျင့်ရင်း ပါဝင်ကစားနေရပြီ။ ဒါကြောင့် ဒီသတင်းစာပို့ရတဲ့ အလုပ်ကိုတော့ ငါ စွန့်လွှတ်ရတော့မယ်"

"သတင်းစာပို့ရတဲ့အလုပ်ကို စွန့်လွှတ် ..."

ကျွန်တော် ဘာဆက်၍ပြောရမှန်းမသိတော့။ အကယ်၍ တကယ်ပဲ ဒီအလုပ်ကို သူ စွန့်လွှတ်လိုက်ရသည်ပဲ ဆိုစေဦးတော့။ သူ့နေရာမှာ ကျွန်တော် ဝင်လုပ်ခွင့်မှ ရနိုင်ပါ့မလား။ ဒီအလုပ်အတွက် ကျွန်တော့် အသက်က သိပ်ငယ်နေဆဲပင် ဖြစ်သည်။ အခုမှ ကျွန်တော့်အသက်က ဆယ်နှစ်ကျော်ရုံကလေး။

သတင်းစာပို့ရသည့် အလုပ်ကို ဖရင်ကီ လက်လွှတ်ရတော့မည် ဆိုသည့်အတွက်ရော၊ ကျွန်တော် သူ့နေရာ ဆက်ခံနိုင်ဖို့ မလွယ်သေးတာရော နှစ်ခုစလုံးပေါင်း၍ ဝမ်းနည်းလာမိသည်။ ဝမ်းနည်းရာမှ

mgyoe.com

mgyoe.com


မျက်လုံးထဲဝဲလာသည့် မျက်ရည်များ စီးကျမလာအောင် မနည်းထိန်းထားရသည်။

"ဒီမယ် ... ချာတိတ်ရ။ ငါပြောတာကို နားထောင်စမ်းပါဦး။ ဒီအလုပ်မရနိုင်ဘူးထင်ပြီး မင်း စိတ်ပျက်မနေစမ်းပါနဲ့။ မင်းအကြောင်း မင်းဆီက အကူအညီအများကြီးရကြောင်း သတင်းစာကိုယ်စားလှယ်လမ်းကြောင်းမန်နေဂျာကို ငါပြောပြထားပါတယ်ကွ။ ဒါကြောင့် ... သူကတောင် မင်းကိုတွေ့ချင်နေတယ်"

♦♦♦

ထိုနေ့ညတွင် အိမ်ရှေ့ခြံဝင်းအတွင်း ဆင်ဝင်အောက်နားရှိ ဒန်းပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်နေမိသည်။ ထိုစဉ်အခိုက်မှာပင် တစ်လှမ်းချင်းလှမ်း၍လာသော ကြားနေကျအဖေ့ဖိနပ်သံများ ကျွန်တော်ရှိရာနေရာဆီသို့ ချဉ်းကပ်လာသည်ကို သတိပြုလိုက်မိ၏။ အဖေသည် ဆေးတံသောက်သည့်အခါတိုင်း ခြံထဲသို့ဆင်းလာပြီး သောက်တတ်၏။

"နေကောင်းရဲ့လား ... သား"

အဖေက သူ၏ဆေးတံကို သွားဖြင့်ကိုက်ထားပြီး မီးခြစ်ကို ထောက်ခနဲခြစ်ကာ မီးညှိရှိုက်ဖွာနေရင်းမှ ကျွန်တော့်ကို မေးလိုက်ခြင်းဖြစ်၏။

ကျွန်တော်က ဘာမှပြန်မဖြေမိ။ အဖေသည် ဆေးတံကိုဖွာရင်းမှ...

"ညစာစားတုန်းကလည်း စကားတစ်ခွန်းမျှ သားမပြောဘူး။ သား ... ဘာဖြစ်နေလဲ"

ကျွန်တော်သည် ကျွန်တော့် ဒူးနှစ်ဖက်တို ရင်ဘတ်ပေါ်အထိ ရောက်အောင် လက်နှစ်ဖက်ဖြင့် သိုင်းဖက်ဆွဲတင်ရင်း ကျွန်တော် ကြုံတွေ့နေရသည့် အခြေအနေကို စိတ်မပါ့တပါဖြင့် ရှင်းပြရတော့သည်။

mgyoe.com

mgyoe.com


ဤတွင် အဖေက ...

"ဒီအလုပ်ဟာ အတော်ကလေးကောင်းတဲ့ အလုပ်ပဲ။ သား သတင်းစာပို့ရတဲ့ ဒီအလုပ်ကို ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်လိမ့်မယ်လို့ အမှန်တကယ်ယုံကြည်ရင် ဒီအလုပ်ကိုရအောင် သားကြိုးစားကြည့်ပါလား"

"ဟုတ်ကဲ့ပါ အဖေ"

ကျွန်တော်က ရဲဝံ့စွာပင် အာမဘာဏ္ဍေပြုလိုက်မိ၏။ သို့ရာတွင် ကျွန်တော့်တွင် ခြွင်းချက်တော့ရှိသည်။ တနင်္ဂနွေ အထူးထုတ်သတင်းစာများဆိုလျှင် အလွန်အမင်း ထူထဲကြ၏။ အလွန်အမင်းလည်း လေးကြ၏။ ယင်းအထူးထုတ် သတင်းစာမျိုးဆိုလျှင် နေမထွက်မီကတည်းကပင် လိုက်လံပို့ဆောင်ပေးကြရသည်။ သို့ပေသိ ကိစ္စမရှိ။ ပြေလည်မှုရနိုင်မည့် နည်းလမ်းတစ်ခုကိုတော့ ကျွန်တော် ရှာရပေလိမ့်မည်။

အဖေက သူ၏ဆေးတံကို မီးထပ်ညှိလိုက်ပြန်၏။ မီးခြစ်က ပေါ်ထွက်လာသော မီးတောက်က အဖေ့မျက်နှာပေါ်မှ စိုးရိမ်ပူပန်မှုကို ရောင်ပြန်ဟပ်ကာ ဖော်ပြနေ၏။

"ဒီလိုဆိုရင် သားနဲ့အတူ အဲဒီသတင်းစာကိုယ်စားလှယ် မန်နေဂျာဆီ သွားတွေ့ကြမယ်လေ။ ဒါပေမဲ့ ... အဖေကတော့ ဘာမျှဝင်ပြောမှာမဟုတ်ဘူးနော်။ အဖေက လေ့လာသူသက်သက်ပဲ။ ပြောစရာရှိတာကို သားဘာသာ သား ပြောရလိမ့်မယ်"

အဖေ့စကားကို ကြားရသဖြင့် ကျွန်တော် အံ့အားသင့်ရသည်။ အဖေ့ကိုလည်း ကျွန်တော် မော့ကြည့်လိုက်မိသည်။

ခုအချိန်အထိကတော့ ဤကိစ္စသည် ကျွန်တော့်အဖို့ ရင်ဆိုင်ယှဉ်ပြိုင်ရမည့် အလောင်းအစားတစ်ရပ်ပမာပင် ဖြစ်လျက်ရှိ၏။ နိုင်ချင်လည်း နိုင်မည်၊ ရှုံးချင်လည်း ရှုံးမည်။ သို့ပေမဲ့ ကျွန်တော့်ခြေထောက်ပေါ် ကျွန်တော်ရပ်နိုင်ကြောင်း၊ ဘယ်သူ့မှအားမကိုး ကိုယ့်အားကိုယ်ကိုး

mgyoe.com

mgyoe.com


သူသာဖြစ်ကြောင်း အဖေ့ကိုတော့ သက်သေပြရပေတော့မည်။

ဤကိစ္စတွင် အဖေ ပါဝင်လာရပြီဖြစ်သော်လည်း ကျွန်တော်သည် မူလက ကျွန်တော် ထင်မှတ်ထားသည်ထက်ပင် ပို၍ကြီးမားသော ခြေလှမ်းများဖြင့် လှမ်းမိနေသည်မှာတော့ သိသာထင်ရှား၍လာသည်။

အဖေသည် အိမ်ထဲသို့ ပြန်ဝင်ဖို့ လှည့်ထွက်ရန် ဟန်ပြင်လိုက်ရင်းမှ ...

"ဩော် ... ဒါထက် သတင်းစာကိုယ်စားလှယ်မန်နေဂျာနဲ့ သွားတွေ့တဲ့အခါ ကုတ်အင်္ကျီနဲ့ နက္ကတိုင် (လည်စည်း) ကို ဝတ်ဆင်သွားဖို့လည်း မမေ့နဲ့ဦး"

ဒန်းပေါ်မှ မြေကြီးပေါ်သို့ ကျွန်တော် ပြန်ဆင်းလိုက်ရင်းမှ ...

"ဟာ အဖေကလည်း ဒီလိုကြီးတော့ ဘယ်သူမှ ဝတ်လာကြမှာ မဟုတ်ပါဘူး။ ကျွန်တော့်ကို ဝိုင်းဟားနေကြပါဦးမယ်"

အဖေပြောသလိုသာ ဝတ်စားသွားရလျှင် အခြားသတင်းစာပို့သူတွေ အမြင်တွင် အတော့်ကို ရှုးနှမ်းပေါတောသည့် ချာတိတ်ပဲဟု အထွေးပေါက်ကြမှာ သေချာလှပါ၏။

"သူတို့က ဘာထင်ထင် အရေးမကြီးဘူး။ သူတို့မှာက အလုပ်ရှိနေပြီ။ သားမှာက အလုပ်ရှိသေးတာမဟုတ်ဘူး။ လူမှာအဝတ် တောင်းမှာ အကွပ်တဲ့ ပထမဆုံးအမြင်မှာ ကိုယ့်ကို အထင်ကြီးသွားဖို့လိုတယ်။ ကိုယ့်အပေါ် စွဲငြိသွားဖို့လိုတယ်သား"

အဖေကလည်း ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ်ပင် ပြော၏။

"ဒါပေမဲ့ ..."

"ဘာ ... ဒါပေမဲ့မှ လုပ်မနေနဲ့။ ဒီအလုပ်က တကယ့်အလုပ်။ သားက ဒီအလုပ်ကို အလေးအနက်မထားရင်တော့ လုံးလုံးမလုပ်တာကပဲ ပိုကောင်းလိမ့်မယ်"

mgyoe.com

mgyoe.com


အဖေ့စကားက မြဲမြဲခိုင်မာလှချေ၏။

◆◆◆

ရက်သတ္တနှစ်ပတ်လောက် ကြာသွားပြီးနောက် တစ်နေ့တွင် ဖြစ်သည်။

ကျွန်တော်သည် အညိုရောင်ဝတ်စုံ၊ ရှပ်အင်္ကျီအဖြူနှင့် လိုက်ဖက်မည့် လည်စည်းတို့ကို ဗီရိုထဲမှ ကတုန်ကယင်ဖြင့် ထုတ်ယူလိုက်သည်။ ဝတ်စုံပြည့် ဝတ်ဆင်ပြီးနောက် ရှူးဖိနပ်ကိုပါ စီးလိုက်သည်။ ဆံပင်ကို လည်း သပ်ရပ်ပ်ရိရ ဖြီးသင်ထားလိုက်၏။

သတင်းစာကိုယ်စားလှယ် မန်နေဂျာနှင့် လူချင်းတွေ့ဆုံ၍ အစစ် အဆေးခံရမည့်နေရာဆီသို့ ကျွန်တော်တို့သားအဖ ကားတစ်စီးဖြင့် သွားခဲ့ကြသည်။ ကားပေါ်တွင် စကားတစ်ခွန်းမျှ မပြောဖြစ်ကြ။ တုဏှီ ဘာဝေ ဆိတ်ဆိတ်နေရင်း ကိုယ့်အတွေးနှင့်ကိုယ် လိုက်ပါလာကြသည်။

ကားကို မန်နေဂျာနှင့် ဆုံတွေ့ရမည့်နေရာအထိ မောင်းသွားရ သည်။ ထိုနေရာကား ဈေးဝယ်ရှော့ပ်ပင်ဧရိယာအနီးရှိ ကားများရပ်နား ရာဌာနအနီးမှာ ဖြစ်သည်။

သတင်းစာပို့သမားများ သတင်းစာဝေရန် လူစုခွဲ၍ အလုပ်ရှုပ်နေ ကြဆဲ။ တချို့လည်း သတင်းစာလိုက်ပို့ရန် ထွက်သွားကြပြီ။ အဖေက ကျွန်တော့်နံဘေး မှဆိုးထိုင်ထိုင်ရင်း ကျွန်တော့်ပခုံးကို အသာအယာ ဖက်ကာ ...

"သားကို ဒီအလုပ်မှာ သူခန့်ထားချင်ပြီဆိုရင် စည်းကမ်းသတ်မှတ် ချက်တွေ ဘာတွေကို သူ လျှော့ပေးကောင်း လျှော့ပေးလာလိမ့်မယ်။ ဒီလို သူလိုက်လျောလာပြီဆိုရင် အဲဒီအခိုပ္ပာယ်ကို သားနားလည်ရ မယ်။ သူ့မှာလည်း သူ ရှာကျွေးနေရတဲ့မိသားစုရှိမှာပဲ။ သားလိုလူမျိုး

mgyoe.com

mgyoe.com


တစ်ယောက် သူ မုချလိုအပ်နေမှာအမှန်ပဲ။ ဒီအခိပ္ပာယ်ကို သား နားလည်သဘောပေါက်”

ဒီအခြေရောက်လာမှတော့ နောက်ပြန်ဆုတ်၍လည်း မရတော့ပြီ။ ဒါ့ကြောင့် ...

“ဟုတ်ကဲ့ပါအဖေ၊ သား နားလည်သဘောပေါက်ပါတယ်”

အဖေက ဘာမျှမပြောတော့ဘဲ ခဏရပ်နားနေလိုက်ပြီး ကျွန်တော်၏ အစုံသောမျက်စိများကို စူးစိုက်၍ကြည့်နေရာမှ ...

“ဒါဆို သူနဲ့ သွားဝင်တွေ့ပေတော့။ ပြီးတော့ သားဟာ ဘယ်လို လူစားဖြစ်တယ်ဆိုတာ သိအောင် သားရဲ့အရည်အချင်းကို ပြလိုက်စမ်း ကွာ။ အဖေကတော့ ဒီနေရာကပဲ စောင့်နေတော့မယ်”

◆◆◆

အဖေက တွန်းလွှတ်လိုက်၍သာ ဝင်တွေ့ရသည်။ ကျွန်တော့် ခြေထောက်တွေကတော့ မဝံ့မရဲဖြင့် ချီတုံချတုံဖြစ်နေသေး၏။ အဖေ့ကို ကျွန်တော် သမင်လည်ပြန် လှည့်ကြည့်လိုက်မိ၏။ အဖေက သူ၏ လက်မကို ထောင်ပြ၏။ အောင်မြင်ရမည်ဟူသော အဓိပ္ပာယ်ဖြစ်၏။

ကျွန်တော်သည် မိမိကိုယ်မိမိ ယုံကြည်ချက်အပြည့်တင်ရင်း ကျွန်တော့်ခန္ဓာသေးသေးကလေးကို အခြားသော သတင်းစာပို့သူ၊ သတင်းစာဝယ်သူများအကြားမှ တိုးဝှေ့ကာ အတွင်းသို့ဝင်ခဲ့၏။ အတွင်းဘက်ရောက်တော့ ကုလားထိုင်တစ်လုံးပေါ် ထိုင်လျက်ရှိသည့် တုတ်တုတ်ခိုင်ခိုင် လူကြီးတစ်ယောက်ကို တွေ့ရ၏။ လူကြီး၏ ဆံပင် များက နက်ဆဲရှိသော်လည်း ထိပ်ကမူ ပြောင်စပြုနေပြီ ဖြစ်၏။ ကျွန်တော်သည် မန်နေဂျာဖြစ်သူ ထိုပုဂ္ဂိုလ်ကြီး၏ အနားသို့ ရဲရဲဝံ့ဝံ့ပင် ချဉ်းကပ်သွား၏။

mgyoe.com

mgyoe.com


"ဘာကိစ္စများရှိလို့လဲ လူကြီးမင်းရဲ့။ ဝတ်စားထားတာကတော့ စမတ်ကျလှချည်လား။ တကယ် လူကြီးလူကောင်း ဂျင်းတဲလ်မင်းပဲ။ ဧကန္တ မဟုတ်မှလွဲရော မောင်ရင်ဟာ ဖရင်ကီ ကျုပ်ကိုပြောထားတဲ့ သူငယ်ကလေးပဲဖြစ်လိမ့်မယ် ထင်တယ်"

ကျွန်တော်က ...

"ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အသက်အရွယ် ငယ်သေးတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ တကယ်လို့သာ လူကြီးမင်းသာ သားကို အလုပ်လုပ်နိုင်ဖို့ အခွင့်အလမ်းပေးမယ်ဆိုရင် လူကြီးမင်းထံမှာ အလုပ်လုပ်နေကြသူတွေအနက် သားကသာ အကောင်းဆုံး သတင်းစာပို့သမားတစ်ယောက် ဖြစ်စေရမယ်လို့ သားကတိပေးပါတယ်။ သတင်းစာ လိုက်ပို့ရမယ့်လမ်းကြောင်းကိုလည်း ကျွန်တော် သိနေပါပြီ။ ဒီလမ်းတစ်လျှောက် နေထိုင်ကြသူတွေ အကုန်လုံးလောက်ကိုလည်း ကျွန်တော် ရင်းနှီးနေပါပြီ။ ပြီးတော့ ကျွန်တော့်ကို စိတ်ချယုံကြည်နိုင်ပါတယ်။ ကျွန်တော့်အကြောင်း သိချင်ရင်တော့ ဖရင်ကီကိုသာ မေးကြည့်ပါခင်ဗျာ"

"ကျုပ်ကို ဖရင်ကီက မင်းရဲ့အကြောင်း ပြောပြထားပြီးပါဗျာ"

ကုလားထိုင်ပေါ်မှ ပုဂ္ဂိုလ်ကြီးက ကုလားထိုင်နောက်ကျောကို မှီလိုက်ရင်း ကျွန်တော့်အား လျှပ်တစ်ပြက် အကဲခတ်လိုက်ကာ ...

"မင်း အသက်ဘယ်လောက်ရှိပြီလဲကွယ့်"

"ဆယ်နှစ်ခွဲ ရှိပြီခင်ဗျ"

ကျွန်တော်က ၁၂ နှစ်သားလေသံမျိုးပေါက်အောင် ကြိုးစားပြီး ပြောလိုက်ရ၏။

ကုလားထိုင်ပေါ်မှ ပုဂ္ဂိုလ်ကြီးက မျက်မှောင်ကြုတ်လိုက်ပြီး

"တနင်္ဂနွေနေ့ထုတ် သတင်းစာကြီးတွေကို မင်း သယ်ပို့ပေးနိုင်ပါ့မလား။ "ဆန်းဒေးပေပါ" တွေက အရမ်းလေးတယ်နော်။ တော်ကြာ

mgyoe.com

mgyoe.com



မနိုင်မနင်းဖြစ်နေမှ ဒုက္ခ။ မင်းကိုယ်မင်း အသက် နည်းနည်းငယ်သေး တယ်လို့ မထင်ဘူးလား"

"ကျွန်တော် ဒီအလုပ်ကို လုပ်နိုင်ပါတယ်။ လုပ်နိုင်တဲ့ယုံကြည်မှု လည်း အပြည့်ရှိပါတယ်"

"တကယ်လို့ကွာ။ ရာသီဥတုကလည်းအေးတယ်။ မိုးတွေကလည်း ရွာတယ်ဆိုပါတော့။ အဲဒီလိုအခါမျိုးမှာ ... မောင်ရင်လေး ဘယ်လို လုပ်မလဲ"

ကျွန်တော် စိတ်ဓာတ်အကြီးအကျယ်ကျသွား၏။ ဒီတစ်ချက်မှာ ဖြင့် သူက ကျွန်တော့်ကို အမိဖမ်းနိုင်လိုက်ပြီဖြစ်ကြောင်း သူ သိသွား သည်။ ကျွန်တော်ကလည်း သိသည်။ ထို့အတူ ဖရင်ကီကလည်း သိပါ သည်။ အနီးအနားမှ စောင့်၍ကြည့်ရှုနေကြသူတွေ အားလုံးကလည်း သိကြပါသည်။

ကျွန်တော် ဘာမှဆက်၍ စောဒကမတက်နိုင်တော့ဘဲ နှုတ်ဆိတ် လို့သာ နေသည်။ ကျွန်တော်က သူ့ကိုပင်မကြည့်တော့။ ကျွန်တော့် ခြေထောက်ရှိ ဖိနပ်များကိုသာ ငုံ့၍ စူးစိုက်ကြည့်နေမိသည်။

"ဒီလိုအခြေဆိုက်တဲ့နေ့တွေမှာဆိုရင် သူ့ကို ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးပါမယ်"

ကျွန်တော့်ဖခင်၏အသံ ဖြစ်သည်။ ကျွန်တော် အလွန်အမင်းပင် အံ့အားသင့်သွားမိသည်။ ကျွန်တော်နောက်သို့ လှည့်ကြည့်လိုက်တော့ အဖေက ကျွန်တော့်အနောက် သုံးလေးပေအကွာလောက်မှာ ရောက်နေ သည်ကို တွေ့ရသည်။

အဖေကပင်ဆက်၍ ...

"ရာသီဥတုဆိုးရွားတဲ့အခါ သူတို့လိုအရွယ် လူငယ်တွေဟာ ဒီလို အကူအညီမျိုးတော့ လိုမှာပေါ့ဗျာ"

mgyoe.com

mgyoe.com


သည်သို့ စာဒကတက်ရန်အတွေးမျိုး ကျွန်တော်လည်း ပေါက်မိခဲ့ပါသည်။ သို့ရာတွင် ကျွန်တော့်မှာကလည်း မာနကလေးကတော့ ရှိသည်။ ဒီကိုမလာခင်ကတည်းက သူ ဘာမျှဝင်ပြောပေးလိမ့်မည် မဟုတ်ဟု အဖေက ပြောခဲ့သည်ပဲ။

သို့ကြောင့်လည်း ကျွန်တော့်အနေဖြင့် သည်သို့သော စစ်ကူမျိုး အဖေ့ဆီက လုံးဝမတောင်းခံမိခဲ့ခြင်း ဖြစ်သည်။

သတင်းစာကိုယ်စားလှယ်တော် မန်နေဂျာကြီးက နားမလည်စွာဖြင့် သူ့ဦးခေါင်းကိုကုတ်ရင်း ကျွန်တော့်ဖခင်ကို စေ့စေ့စပ်စပ် ကြည့်သည်။ ယင်းနောက် ကျွန်တော့်ကို ကြည့်ပြန်သည်။ ပြီး ...

"ကောင်းပြီလေ။ တို့ ရက်ပေါင်း ၃၀ စမ်းသပ်ကြည့်မယ်။ တကယ်လို့ မင်းဟာ ဒီအလုပ်ကို ကောင်းကောင်းမွန်မွန် နိုင်နိုင်နင်းနင်း မလုပ်နိုင်ဘူးလို့ ကျုပ်က ယူဆရင် မင်းနဲ့အစားထိုးလဲလှယ်ဖို့ နောက်လူ တစ်ယောက် ထပ်ရှာရမှာပဲ။ ဒါဆို တရားမျှတမှုရှိပါတယ်နော်"

သတင်းစာကိုယ်စားလှယ်တော် မန်နေဂျာကြီးက သူ၏လက်ကို ကျွန်တော့်ထံ ကမ်းလှမ်းလာသည်။

ကျွန်တော်က အဖေ့ကို စောင်းငဲ့၍လှမ်းကြည့်မိသည်။ အဖေ့ကို ဒီတစ်ကြိမ် ရုတ်တရက် တွေ့လိုက်ရမှုသည် ခါတိုင်းသူ့ကို မြင်ခဲ့ရတာမျိုးနှင့် လုံးဝမတူ တစ်မူထူးခြားနေ၏။

ကျွန်တော်၏ အစုံသောခြေထောက်များသည် အလိုလိုပင် ရှေ့သို့ လှမ်းတက်၍သွားမိသည်။ ကျွန်တော် သိပ်ကိုအံ့သြသွားမိသည်။ အဖေကလည်း ကျွန်တော်နှင့်အတူပင် ရှေ့သို့လှမ်း၍ထွက်လာလေသည်။

အဖေ၏နွေးထွေးသောအပြုံးနှင့် ခပ်သွက်သွက် ခေါင်းညိတ်ပြမှုသည် ဒီတစ်သက် ကျွန်တော့်အတွက် အလိုအပ်ဆုံးသော အားပေးချက်ပင် ဖြစ်တော့သည်။

mgyoe.com

mgyoe.com


"တရားမျှတပါတယ်"

ကျွန်တော်က ဤမျှသာ ပြောဆိုလိုက်ရင်း ကျွန်တော်၏လက်ဖြင့် မန်နေဂျာကြီး၏လက်ကို ဆွဲယူနှုတ်ဆက်လိုက်သည်။

"မောင်ရင်လေး ဘယ်တော့လောက် အလုပ်ကိုစပြီး ဆင်းနိုင်မလဲ"

အလွန်တရာ ဝင်းပသောအပြုံးပန်းတစ်ရပ်သည် ကျွန်တော့် မျက်နှာပေါ်တွင် လှစ်ခနဲ ဖြတ်သန်း၍သွား၏။

"အခုအချိန်ကပဲစပြီး အလုပ်ကို စတင်ထမ်းဆောင်မယ်ဆိုရင် လူကြီးမင်း ဘယ်လိုသဘောရပါသလဲ"

"ကောင်းကွာ သိပ်ကောင်း။ ဒီအစီအစဉ်ကိုတော့ အရမ်းကို ကြိုက်သွားပြီဟေ့"

◆◆◆

ထိုမှ သုံးနှစ်သုံးမိုး လွန်မြောက် ခရီးပေါက်ခဲ့ပြီးနောက် ကျွန်တော် တို့မိသားစုမှာ တစ်နယ်တစ်ကျေး ရပ်ဝေးမြေခြားသို့ ပြောင်းရွှေ့ သွား ရောက် နေထိုင်ဖို့ ဖြစ်လာသည်။ မိသားစုနှင့်အတူ ကျွန်တော်လည်း လိုက်ပါရမည်ဖြစ်၍ ကျွန်တော် သံယောဇဉ်ကြီးလှစွာသော သတင်းစာ ပို့ရသည့်အလုပ်ကိုပါ စွန့်လွှတ်ခဲ့ရသည်။

သို့သော်လည်း ကျွန်တော်နှင့်အတူ တန်ဖိုးမဖြတ်နိုင်သောအရာ တစ်ခုကို ရယူနိုင်ခဲ့သည်။ ထိုအရာကား အခြားမဟုတ်။ အဖေ ဘယ်လို လူစားမျိုးဖြစ်သည်ကို ကျွန်တော်က တွေ့ရှိဖော်ထုတ် နားလည်နိုင်ခဲ့ သလို အဖေကလည်း ကျွန်တော် ဘယ်လိုလူစားမျိုး ဖြစ်သည်ကို ဖော်ထုတ်တွေ့ရှိ နားလည်သိရှိသွားခဲ့မှုပင်ဖြစ်သည်။ အဖေနှင့်သား သားနှင့်အဖေ အတူတကွ အခွင့်အလမ်းတစ်ရပ်ကို ရယူနိုင်ခဲ့ကြမှုပင် ဖြစ်သည်။ ပြီးတော့ ... ကျွန်တော် လုပ်ချင်လွန်းလှသည့်အလုပ် ...

mgyoe.com

mgyoe.com


ကျွန်တော်စိတ်ကူးယဉ်အိပ်မက်ထဲက ဆန္ဒတစ်ရပ်ကို တကယ့်ဘဝတွင် တာဝန်ကျေပွန်စွာ ဖြစ်ဖြစ်မြောက်မြောက် လုပ်ဆောင်ပြနိုင်ခဲ့သည်။

အမှန်တော့ လောကတွင် မဖြစ်နိုင်တာဆို၍ ဘာမျှမရှိ။ မဖြစ်နိုင်ဘူးဟု ထင်ရသောအရာကို ဖြစ်အောင်လုပ်ပြချင်သည့် ပြင်းပြသော ဆန္ဒ အစစ်အမှန်သာရှိဖို့ လိုပါ၏။ ဘာပဲဖြစ်ဖြစ် 'တကယ်လုပ်လျှင် အဟုတ်ဖြစ်သည်' ဆိုသော ဆောင်ပုဒ်၏ မှန်ကန်ချက်ကို ကျွန်တော်၏ 'သတင်းစာအိပ်မက်' က သင်ခန်းစာပေးခဲ့သည် မဟုတ်ပါလား။

My Paper Dream
by William M.Hendryx
R.D., June, 1994.

❐

mgyoe.com

mgyoe.com

# ကွဲအက်နေသော ထိုမတ်ခွက်

ဒါးလတ်စ်မြို့။

သို့မဟုတ်

တက္ကဆက်ပြည်နယ်၏မြို့တော်။

တစ်နည်းဆိုရသော် ကျွန်တော် မွေးဖွားကြီးပြင်းလာခဲ့ရသည့် ဇာတိချက်ကြွေ မွေးရပ်မြေ။

ဒီမြို့တွင် ကျွန်တော် ဉမမည်စာမမြောက် မြီးကောင်ပေါက်အနေသို့ မရောက်တရောက် အရွယ်ကလေးဘဝတွင်ဖြစ်သည်။

"အဖေ ... အဖေ အလုပ်သွားလုပ်နေရတဲ့ အလုပ်ရုံကို သားလိုက်ကြည့်ချင်တယ်။ သားကို ခေါ်သွားပါနော်"

ကျွန်တော်က အဖေ့ကို မကြာခဏပူဆာခဲ့၏။

အဖေကမူ ဘာမျှမပြော။ မသိသလိုသာ နေခဲ့သည်။

နေ့စဉ်နှင့်အမျှဆိုသလိုပင် နံနက်မိုးလင်းသည်နှင့် အဖေသည် အိမ်မှ ပျောက်သွားတတ်၏။ ညနေဆိုလည်း မိုးကြီးချုပ်မှ အိမ်ပြန်ရောက်လာတတ်၏။ အမေကတော့ သားအဖေ အလုပ်ရုံတစ်ခုမှာ အလုပ်သွားလုပ်နေတာပါဟု ဆို၏။

mgyoe.com

mgyoe.com


အဖေ အလုပ်သွားလုပ်နေရသည့် ထိုအလုပ်ရုံသည် မည်သို့သော အလုပ်ရုံမျိုးနည်း။ မည်ကဲ့သို့သောပစ္စည်းတွေ ထုတ်လုပ်နေပါသနည်း။ အဖေကရော ဘာတွေ လုပ်ပေးနေရပါသနည်း။ ကလေးအတွေးဖြင့် တွေးရင်း သိချင်လှသည့်ဆန္ဒတွေ ပို၍ဖြစ်ပေါ်ခဲ့ရ၏။

အဖေက သူ၏အလုပ်ခွင်သို့ ကျွန်တော့်ကို မခေါ်သွားဘဲထားလေ၊ အဖေလုပ်ရသည့် အလုပ်ရုံသည် ကျွန်တော့်အဖို့ လျှို့ဝှက်သော၊ ထူးဆန်းသော နေရာတစ်ခုပမာ ပို၍ဖြစ်လာရလေ ဖြစ်ခဲ့သည်။

ထိုအလုပ်ရုံသည် အလွန်တရာ အံ့မခန်းစရာကောင်းသည့် အရာများကို ထုတ်လုပ်ပေးနေရသည့် ပဥ္စလက်ဆန်သော စက်ရုံကြီးတစ်ရုံပင် ဖြစ်နေမည်လားဟုလည်း နုနယ်သော ကလေးအတွေးဖြင့် တွေးဆနေမိခဲ့၏။

သို့ဖြင့် ကျွန်တော် ခုနစ်နှစ်၊ ရှစ်နှစ်နီးပါးအရွယ်သို့ ရောက်လာသော တစ်နေ့တွင် အမေကိုယ်တိုင် ကားမောင်း၍ ကျွန်တော့်ကို အဖေရှိရာ အလုပ်ရုံဆီသို့ ခေါ်သွားခဲ့သည်။ ကျွန်တော်ကတော့ ပျော်လိုက်သည်ဖြစ်ခြင်း။ အလုပ်ရုံသို့ရောက်တော့ တချို့အလုပ်သမားတွေပင် အလုပ်သိမ်းရန် ဟန်ပြင်နေကြပြီ။ ညနေ အလုပ်ဆင်းရန် ဥသြပင် ဆွဲပေတော့မည်။ အဖေသည် ကျွန်တော်တို့သားအမိကို အပြင်ထွက်ပြီး လာတွေ့သည်။ အဖေက ကျွန်တော့်ကို ကားပေါ်မှဆင်းခိုင်းပြီး ကျွန်တော့်လက်ကိုဆွဲကာ အလုပ်ရုံထဲသို့ ခေါ်သွားခဲ့၏။

"သား သိပ်ရောက်ဖူးချင်၊ သိပ်မြင်ချင်တဲ့ အဖေတို့ရဲ့ အလုပ်ရုံကတော့ ဒါပဲသား"

အဖေသည် သူ၏အလုပ်ခွင်ကို ဂုဏ်ယူဝံ့ကြွားစွာဖြင့် လက်ဖြင့်ယမ်းပြရင်း ခွေးခြေခပ်မြင့်မြင့်တစ်လုံးပေါ်သို့ ကျွန်တော့်ကို သူ၏လက်ကြီးနှစ်ဖက်ဖြင့် မ,တင်လိုက်၏။

mgyoe.com

mgyoe.com



"ကဲ ... အဖေတို့ရဲ့ အလုပ်ရုံကို မြင်ပြီမဟုတ်လား။ သားရဲ့ အမြင် သားရဲ့အထင်ကိုလည်း ပြောပြစမ်းပါဦး"

"အဖေတို့အလုပ်ရုံက စက်တွေ၊ တွင်ခုံတွေနဲ့ အပြည့်ပါပဲလား..."

သည်လိုအလုပ်ရုံမျိုး ယခင်က တစ်ခါဖူးမျှ မရောက်ဖူးသဖြင့် မြင်ရသမျှ အရာရာသည် အထူးအဆန်းတွေချည်း ဖြစ်နေ၏။ အလုပ်ရုံ ကြီးကတော့ အတော့်ကိုကြီးမားသော အလုပ်ရုံကြီးပင်ဖြစ်ပါ၏။ တွင်ခုံ တွေ၊ သံရည်ကျိုစက်တွေ၊ ပုံလောင်းပုံသွင်းစက်တွေ၊ ပုံဖိစက်တွေ၊ ပုံဖော်စက်တွေ၊ သံဖြတ်လွှတွေဖြင့် ပြည့်နှက်လျက်ရှိသည့် အလုပ်ရုံဖြစ် သည်မို့ စက်သံတွေက တဂျုန်းဂျုန်းညံနေ၏။ ဒါ့ပြင်မက စက်ဆီအနံ့၊ ချောဆီအနံ့၊ အမဲဆီအနံ့၊ ရေနံဆီအနံ့၊ ဓာတ်ဆီအနံ့တွေကလည်း နေရာအနှံ့မှာ။

တချို့က သံတုံးတွေ၊ သံချောင်းတွေ၊ သံပြားတွေကို လှီးဖြတ်ပုံဖော် နေကြ၏။ အချို့က တွင်ခုံပေါ်တင်၍ ထွင်းဖောက်နေကြ၏။ တချို့က သံချောင်းတွေကို မူလီရစ်ဖော်နေကြ၏။ တချို့က မူလီခေါင်း ပုံဖော်နေ ကြ၏။ တချို့ကမူ သံမဏိအတုံးများကို ပန်းကန်ခွက်ယောက်ပုံသဏ္ဍာန် ဖြစ်အောင် အနုပညာမြောက်စွာ ပုံဖော်၍ ပြောင်းလဲပေးလျက်ရှိကြ၏။

"သူတို့ ဘာတွေလုပ်နေကြတာလဲ အဖေ"

ကျွန်တော်က မေးလိုက်ခြင်းဖြစ်၏။

"ဒိုင်းစ် (Dies) တွေ လုပ်နေကြတာလေ"

"ဒိုင်းစ်ဆိုတာ ဘာလဲ ... အဖေ"

အဖေသည် သူ၏အလုပ်စားပွဲပေါ်ရှိ ကော်ဖီထည့် ပလတ်စတစ် မတ်ခွက်တစ်လုံးကို ကောက်ယူလိုက်ကာ ...

"ဒိုင်းစ်ဆိုတာ ဟောဒီလို ပလတ်စတစ်မတ်ခွက်တွေ ပုံသွင်းပြုလုပ် ဖို့ ပုံဖော်ပေးတဲ့ သံမဏိပုံစံခွက်ကို ပြောတာပဲသား။ ဒီလို ပလတ်စတစ်

mgyoe.com

mgyoe.com



မတ်ခွက်ကောင်းကောင်းနဲ့ လှလှရဖို့ဆိုရင် ပထမ ဒိုင်းစ်ကောင်းဖို့လိုတယ်။ ဒိုင်းစ်လို့ခေါ်တဲ့ ပုံစံခွက်မှာ အားနည်းချက်၊ ပြစ်ချက် တစ်စုံတစ်ရာမပါအောင် သေသေချာချာ တိတိကျကျလုပ်နိုင်ပြီဆိုရင် သူ့ကိုအခြေတည်ပြီး ထုတ်လုပ်ရမယ့် ပလတ်စတစ်ခွက်ဆိုတာ တစ်သက်လုံး သုံးပေတော့ပဲ"

အဖေသည် ပြောနေရင်းမှပင် သူ၏ပလတ်စတစ်မတ်ခွက်ကို သူ၏ပခုံးနှင့်တစ်တန်းတည်း အမြင့်အနေအထားသို့ သူ၏ညာလက်ဖြင့် ရှေ့သို့ ဆန့်တန်းထုတ်လိုက်ပြီး ...

"ဒီမတ်ခွက်ကို ခုနေ အဖေလွှတ်ချလိုက်ရင် ဘာဖြစ်သွားမယ်လို့သားထင်သလဲ"

"ပလတ်စတစ်ခွက်ပဲဟာ၊ ကွဲသွားမှာပေါ့။ မကွဲရင်တောင် အက်သွားမှာပေါ့"

"ကဲ ဒါဖြင့် ကွဲမကွဲ အက်မအက်ကြည့်ကြရအောင်"

အဖေသည် ပြောနေရင်းမှာပင် ပလတ်စတစ်မတ်ခွက်ကို သမံတလင်းကြမ်းခင်းပေါ်သို့ လွှတ်ချလိုက်၏။

သမံတလင်းပေါ်သို့ ဂွမ်ခနဲကျကာ သုံး–လေးခါမျှ ခုန်ထပြီး အရှိန်သေကာ အဖေ့ခြေရင်းတွင် သွား၍ရပ်၏။

အဖေသည် ပလတ်စတစ်မတ်ခွက်ကို ကောက်ယူလိုက်ပြီး ...

"ဒီမှာကြည့် မြင်တယ်မဟုတ်လား။ နည်းနည်းလေးတောင် နှုတ်ခမ်းမပဲ့ဘူး။ အက်ကြောင်းလည်း မပေါ်ဘူး။ ဒီလို ဒူပေနာပေခံနိုင်ရည်ရှိပြီး အားနည်းချက်ဆိုလို့ နည်းနည်းကလေးတောင်မှ မပါတဲ့ခွက်မျိုးရဖို့အတွက် တိကျကောင်းမွန်တဲ့ ပုံလောင်းသံမဏိခွက်ရဖို့ပထမလိုတယ်။ အဲ့ဒီလို ပုံစံခွက်ရဖို့အရေး စိတ်ရှည်လက်ရှည်နဲ့ ပြုလုပ်ပုံဖော်ပေးရမယ့် ပညာသည် အလုပ်သမားကောင်းတစ်ယောက်လိုတယ်။

mgyoe.com

mgyoe.com


ပြစ်ချက်၊ အားနည်းချက် လုံးဝကင်းစင်တဲ့ ပုံစံခွက်တစ်ခုရပြီဆိုရင် ဟောဒီလို အရည်အသွေးကောင်းမွန်တဲ့ ပလတ်စတစ်မတ်ခွက်မျိုးကို သောင်းချီ၊ သိန်းချီပြီး ထုတ်လုပ်ပေးနိုင်ပြီ သားရဲ့ ...”

အဖေပြောတဲ့စကားမှာ လျှို့ဝှက်ချက်များ ပါနေသလားလို့ ကျွန်တော့်စိတ်က ထင်မှတ်လိုက်မိ၏။ မိမိဘဝကို ပြစ်မျိုးမဲ့မထင်ဖြစ်လိုလျှင်၊ ကြီးပွားလိုလျှင်၊ အောင်မြင်လိုလျှင်၊ ထင်ပေါ်ကျော်ကြားလိုလျှင် မူလပထမ ပုံသွန်းလောင်းစဉ်ကတည်းက အားနည်းချက်မပါသော အခြေခံကောင်းကောင်းရှိဖို့ လိုအပ်ကြောင်းကို အဖေက သွယ်ဝိုက်၍ ထုတ်ဖော်လိုက်လေသည်လား။

♦ ♦ ♦

လူပျိုပေါက်ကလေး ဖြစ်လာပြီးနောက် ကျွန်တော်သည် အဖေနှင့် မသိမသာ တစ်နေ့တခြား အနေဝေး၍လာ၏။ အနေမနီးစပ်တော့ခြင်းမှာ ကျွန်တော် ကြီးကောင်ဝင်လာ၍လည်း ဖြစ်၏။ ဘဝနှင့်ပတ်သက်သည့် အဖေ၏အမြင်များမှာ နည်းနည်း အဆင့်မြင့်မားနေသည်လားဟု ထင်မှတ်မှားမိခဲ့သောကြောင့်လည်း ဖြစ်၏။ ပြီး ... လူပျိုပေါက်ကလေးဖြစ်လာတော့ အဖေ့ရဲ့ ကော်လံပြာအလုပ်ရုံ အလုပ်သမား လူတန်းစားဘဝကို ရှက်ချင်သလို ခံစားမိလာ၍လည်း ဖြစ်၏။

သည့်နောက်မှာတော့ ကျွန်တော်က တက္ကသိုလ်ကျောင်းသား။ တက္ကသိုလ်မှ ဘွဲ့ရပြီးထွက်လာခဲ့ရပြန်တော့ တပ်မတော်ထဲဝင်ပြီး အမျိုးသားစစ်မှုထမ်းဘဝကို ခံယူခဲ့ပြန်၏။

ထိုအချိန်တွင် ကျွန်တော့်ဘဝ ရည်မှန်းချက်ပန်းတိုင်ကို ပိုင်းဖြတ်ချမှတ်ထားပြီးဖြစ်၏။ ကျွန်တော့် အဓိကရည်မှန်းချက်သည် ဘဝတွင် အောင်မြင်ရေး၊ ဘဝတက်လမ်းဖြင့် ရှေ့ဆက်လှမ်းနိုင်ရေး၊ ဘဝတွင်

mgyoe.com

mgyoe.com


လူတစ်လုံးသူတစ်လုံးဖြစ်ရေး၊ ဘဝတွင် ခံ့ခံ့ထည်ထည် နေနိုင်ရေး။ သည်အရေးတွေအားလုံးအနက် အဓိကအကျဆုံးအချက်က ငွေရှာရေး။ တကယ့်ငွေကြေး ရှာဖွေရေး။ ငွေရရေး။

♦♦♦

သားနှင့်အဖေ ဘယ်လိုပင် အနေခပ်စိမ်းစိမ်း ဖြစ်သွားခဲ့စေကာမူ အဖေကတော့ ကျွန်တော် ငယ်စဉ်ကကဲ့သို့ပင် အခွင့်အရေးကြုံတိုင်း ကျွန်တော့်ကို အားပေးနေဆဲ၊ သွန်သင်နေဆဲ၊ ဆုံးမနေဆဲ၊ လမ်းပြနေဆဲ။

ကျွန်တော်ကလည်း ကျွန်တော်ပဲဖြစ်သည်။ အဖေ့ထံမှ အကြံဉာဏ်များ မတောင်းခံဘဲ နေခဲ့သည်မှာပင် ကြာခဲ့ပြီပဲ။ အဖေ့ကို မချဉ်းကပ်ဘဲ နေခဲ့သည်မှာလည်း ကြာပြီ။

တကယ်တော့ ကျွန်တော်သိပ်လုပ်ချင်နေသည့်အလုပ်က ကြော်ငြာလုပ်ငန်း။ သည်လုပ်ငန်းနှင့်ပတ်သက်၍ အဖေ့အနေနဲ့ ဘာအကြံများ ပေးနိုင်ပါအံ့နည်း။ ဘာများ သင်ပြပေးနိုင်ပါအံ့နည်း။ ကြော်ငြာလုပ်ငန်း ဟူသည်က ကျွန်တော်ရွေးချယ်ထားသည့် ကျွန်တော့်စိတ်ကြိုက်အလုပ်။ ကျွန်တော့် အသက်မွေးဝမ်းကျောင်းဖြစ်မည့် အလုပ်။

ဒါတင်လားဆိုတော့ မကသေး။ ကျွန်တော် စံနမူနာယူရမည့် ပုဂ္ဂိုလ်တစ်ယောက်ကိုလည်း တွေ့လာခဲ့ရပြီ။

ကျွန်တော်အားကျနေရသည့် ထိုပုဂ္ဂိုလ်ကတော့ အရပ်မြင့်မြင့်၊ အသားညိုညို၊ ရုပ်ဖြောင့်ဖြောင့်ဟု ဆိုရလောက်သူ။ ထူထဲသိပ်သည်းလှသည့် ရွှေရောင်ကေသာနှင့် လူတကာက နှစ်ခါပြန်၍ ငေးမော ကြည့်ရှုရသူလည်းဖြစ်သည်။ ပြီးတော့ သူက အားကစားသမားပီပီ ကျားကျားလျားလျား တက်တက်ကြွကြွ ရှိလှသည်။ အသက်အရွယ်က လည်း ကောင်းတုန်း။ ရှိလွန်းပါမှ ကျွန်တော်နှင့်မတိမ်းမယိမ်း။

mgyoe.com

mgyoe.com


သို့ပေသိ သူ၏အသက်ထက် နှစ်ဆမကကြီးသူများထက်ပင် ဘဝ အောင်မြင်မှုသင်္ကေတတွေက သူ့မှာ ဒုနှင့်ဒေး။ သူ့တွင် သူ့နာမည်ပင် မှည့်ခေါ်ထားသော လုပ်ငန်းတစ်ခုလည်း အောင်မြင်လျက်ရှိပြီ။ အလွန် တရာ ချောမောလှပ လူတကာငေးမောရသည့် ဇနီးချောကလည်း ရှိနေ ပြီ။ အကောင်းဆုံးစိန်များဖြင့် စီခြယ်ထားသော လက်ဝတ်ရတနာများ ဖြင့်လည်း ထိုချစ်ဇနီးကို ဆင်ယင်ထားနိုင်ခဲ့ပြီ။ နောက်ဆုံးပေါ် ဇိမ်ခံ ဆလွန်းကားကြီးတစ်စီးကိုလည်း ဝယ်စီးနိုင်ခဲ့ပြီ။ ရေကူးကန်၊ တင်းနစ် ကွင်း၊ ဂေါက်ရိုက်ကွင်းတို့ ပါဝင်ရုံမက အဆင့်မီ ခေတ်မီအိမ်ထောင် ပရိဘောဂများနှင့် လိုလေသေးမရှိ ပြီးပြည့်စုံလှသည့် ဒီဇိုင်းလှလှ အိမ် တစ်လုံးကိုလည်း ပိုင်ဆိုင်ကာ အခြေတကျရှိနေခဲ့ရပြီ။

"ကြော်ငြာလုပ်ငန်းမှာ ပထမဦးဆုံး အခြေမြင့်အောင် လုပ်ရမှာက ခင်ဗျားရဲ့အရည်အချင်း တိုးတက်အောင် ခင်ဗျားအရင်လုပ်ဖို့ပဲ။ မိမိ အရည်အချင်း မိမိဘာသာ မြှင့်တင်ပေးဖို့လိုတယ်ဗျ"

ထိုပုဂ္ဂိုလ်၏ ထိုစကားကို ကျွန်တော်၏နားတွင် သံမှိုနှက်သလို စွဲမြဲလျက်ရှိ၏။

ဟုတ်ပါ၏။ လုပ်ငန်းတစ်ခုကို ဇောက်ချ၍လုပ်တော့မည်ဆိုလျှင် မိမိကိုယ်မိမိ ယုံကြည်မှုရှိဖို့ ဦးစွာလိုအပ်ပါ၏။ သူ့ကိုယ်သူ ယုံကြည် ချက်အပြည့်ရှိ၍လည်း လုပ်ငန်းတစ်ခုကို ဖြစ်မြောက်အောင် သူ ထူထောင်နိုင်ခဲ့၏။ သူ စွန့်စွန့်စားစား လုပ်နိုင်ခဲ့သည့်လုပ်ငန်းကတော့ ကြော်ငြာလုပ်ငန်း။

"တတ်နိုင်လို့ မိုးပေါ်ကလမင်းကို လိုချင်လှပါရဲ့လို့ ဆိုလာရင် တောင် ရပါစေရမယ်လို့ ကတိပေးဖို့ ဘယ်တော့မှ ဝန်မလေးနဲ့။ ရနိုင် တာ၊ မရနိုင်တာ နောက်တစ်ကဏ္ဍပဲ။ ဒီအတွက် ဘာမျှတွေးပူမနေသင့် ဘူး။ နောင်ခါလာ နောင်ခါချေးလို့သာ သဘောထားလိုက် ..."

mgyoe.com

mgyoe.com


သည်စကားကိုတော့ မကြာခဏဆိုသလိုပင် သူပြောလေ့ရှိ၏။

သည်လိုနှင့် သူ၏ကြော်ငြာလုပ်ငန်းမှာ ကျွန်တော် အလုပ်ရခဲ့သည်။ မိတ္တူကော်ပီပွားဌာနခွဲတွင် တာဝန်ကျသည်။ အလုပ်နှင့် ပတ်သက်၍ သူ့ထံမှ အမြဲမပြတ် တရစပ်ဆိုသလိုပင် ကြားနေရသည့် ညွှန်ကြားချက်ကတော့ ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ်ပဲဖြစ်သည်။

"ကျုပ်လိုချင်တာ ပြီးပြည်စုံတဲ့ ခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်ဘူး။ စာရင်းပဲဖြစ်ဖြစ်၊ အစီရင်ခံစာပဲဖြစ်ဖြစ်၊ ကော်ပီတွေပဲဖြစ်ဖြစ်၊ ကြော်ငြာစာသားတွေပဲဖြစ်ဖြစ် ကျုပ်လိုချင်ပြီဆိုရင် လိုချင်တဲ့အချိန်မှာ ချက်ချင်းရဖို့ပဲလိုတယ်"

◆◆◆

သည်လိုနှင့် သူ၏လုပ်ငန်းတွင် သုံးနှစ်သုံးမိုးလောက် ကြာသွားခဲ့ရသည်။ ထိုသုံးနှစ်အတွင်း မိတ္တူကော်ပီသမားအဆင့်မှ ဒုတိယဥက္ကဋ္ဌအဆင့်အထိ ရာထူးတိုးမြှင့်လာခဲ့သည်။ ကျွန်တော်က အလုပ်မပြီးလျှင် ညဘက်ပါ အချိန်ပိုဆင်း၍ လုပ်တတ်သူ။ လိုအပ်လျှင် စနေ တနင်္ဂနွေကိုပင် အနားမယူ။ အချိန်ပြည့်လုပ်သည်။ ဘာအလုပ်မဆို အချိန်မီပြီးစီးရေးကိုသာ ကျွန်တော်က ဦးထိပ်ထားသည်။ အလုပ်နှင့်ပတ်သက်လျှင် နောက်ဆုံးသတ်မှတ် ကန့်သတ်ပေးထားချိန်ကို ဘယ်သောအခါမျှ မကျော်စေရဘဲ အချိန်မီ ပြီးအောင်လုပ်ခဲ့သည်။ ကျွန်တော့်ကြောင့် အစည်းအဝေးသို့ အချိန်မီ မတင်နိုင်ဘဲ ဖြစ်ခဲ့သည့် ပြဿနာမျိုးပင် တစ်ခါမျှ မကြုံခဲ့ဖူးချေ။

သို့ရာတွင် ကျွန်တော်တို့ကုမ္ပဏီကို မကျေမနပ်ဖြင့် ပူညံပူညံ လုပ်တတ်သည့် ဖောက်သည်တချို့တော့ရှိသည်။ ထိုဖောက်သည်တို့သည် သူတို့၏ကြော်ငြာများအတွက် ကျသင့်ငွေများကို အချိန်မီ မပေးသွင်းခဲ့

mgyoe.com

mgyoe.com


ကြ။ ထိုသို့ ကြုံရဖန်များလာသောအခါ ကုမ္ပဏီတွင် ငွေထုတ်ငွေသွင်း၊ ငွေစီးငွေဝင်တွင် မကြာခဏဆိုသလိုပင် ပြဿနာတွေ့လာခဲ့ရ၏။

လုပ်ငန်းက အဆင်သိပ်မချောဘဲ ဖြစ်လာခဲ့သော်လည်း လုပ်ငန်းရှင် 'ဘော့စ်' ကမူ ညစာထမင်းစားပွဲကြီးများကို မကြာခဏဆိုသလို တခမ်းတနား လုပ်မြဲလုပ်လျက်ရှိ၏။ ရငွေ သိပ်မသွက်တော့သော်လည်း အရောင်တဖိတ်ဖိတ်လက်သည့် စိန်လက်စွပ်များကိုမူ မပျက်မကွက်ဝယ်၏။ ထိုလက်စွပ်များနှင့် မယားကို မျက်နှာလုပ်ရသည့် ဝတ္တရားက လစဉ်ပျက်ကွက်သည်မရှိ။ သည်လိုနှင့် ဇနီးမယား၏ လက်ချောင်းဆယ်ချောင်းမှာ စိန်လက်စွပ်တွေ အစီအရီရှိလာ၏။

တစ်နေ့သော တနင်္ဂနွေညနေတွင်ဖြစ်သည်။

ဘော့စ်က ကျွန်တော့်အိမ်သို့ ဖုန်းဆက်သည်။

"မနက်ဖြန်မနက်ကျရင် ရုံးခန်းကို ခပ်စောစော ထွက်လာခဲ့ပါ။ ခင်ဗျားကို ကျုပ်ပြောစရာရှိတယ်"

"ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်လာခဲ့ပါ့မယ်"

တစ်ခုခုတော့ တစ်ခုခုပဲဖြစ်မည်။ ဘာရယ်တော့မသိ။

"ငွေစာရင်းတွေနဲ့ ပတ်သက်ပြီး မေးမြန်းစရာရှိလို့များလား။ ဒါမှ မဟုတ် တခြားအလုပ်နဲ့ပတ်သက်တဲ့ ဆွေးနွေးစရာ ရှိလို့များလား။ ဒါမှမဟုတ် ကျွန်တော့်ကို လစာတိုးမြှင့်ပေးဖို့ကိစ္စများ ဖြစ်နေမလား"

♦♦♦

နောက်နေ့မနက်အစောကြီးမှာပဲ ရုံးခန်းသို့ ကျွန်တော်ရောက်သွားခဲ့သည်။ ကျွန်တော်ရောက်တော့ နေဝန်းနီသည်ပင် အရှေ့ မိုးကုပ်စက်ဝိုင်းမှ ပေါ်ထွက်လာခါစပဲရှိသေး၏။ ကော်ဇောများ အပြည့်ခင်းထားသည့် ရုံးခန်းထဲ ဆိုဖာဆက်တီ မဟော်ဂနီစားပွဲတွင် အလုပ်ကို

mgyoe.com

mgyoe.com


သဲသဲမဲမဲလုပ်နေသည့် ဘော့စ်ကို တွေ့ရ၏။ ရုံးခန်းက ခုံထည်သလောက် လူကလည်း ခပ်တည်တည်ပဲဖြစ်၏။ ကျွန်တော်က အခန်းတံခါးကို တွန်း၍ဝင်လိုက်သောအခါ ဘော့စ်က ကျွန်တော့်ကို ဖျတ်ခနဲ လှမ်းကြည့်ကာ ရေးလက်စစာတစ်စောင်ကိုသာ ဆက်၍ရေးနေ၏။ ကျွန်တော့်ကိုမူ ထိုင်ပါဟုပင်မပြော။ ကျွန်တော်ကမူ သူ၏ရေးလက်စစာ ပြီးသွားသည်အထိ ငူငူကြီးရပ်ပြီး စောင့်နေခဲ့ရ၏။

သူ၏စာ ရေးပြီးသွားသောအခါမှပင် ကျွန်တော့်ကို မော့ကြည့်လိုက်၏။ သူ၏လက်နှစ်ဖက်ကိုမူ သူ့အရှေ့ရှိ စားပွဲပေါ်တွင်တင်ကာ သိုင်းယှက်၍ထား၏။

"ခင်ဗျားကို ကျုပ် ဘယ်လိုစပြောရမှန်းမသိဘူးဗျာ။ ဒါကြောင့် ကွေ့ဝိုက်မနေတော့ဘူး။ တည့်တည့်ပဲ ပြောတော့မယ်"

ဘော့စ်၏မျက်လုံးများက ကျွန်တော့်မျက်လုံးများနှင့် အကြည့်ချင်း မဆုံအောင် ရှောင်ရင်း စ၍ပြော၏။

"လုပ်ငန်းခွင်ထဲ ခင်ဗျားရဲ့လုပ်ဆောင်ချက်တွေဟာ ခါတိုင်းလို ပုံမှန်တောင် မဟုတ်တော့ဘူး။ အများကြီး လျော့ကျနေတယ်လို့ ကျုပ် ထင်တယ်။ ဒီတော့ဗျာ ခင်ဗျားနဲ့ကျုပ် လက်တွဲဖြုတ်ဖို့ အချိန်ကျပြီလို့ ကျုပ်ယူဆတယ်။ ကျုပ်ပြောချင်တာကတော့ အဲ့ဒါပဲဗျာ။ ကဲ ... ခင်ဗျား လုပ်လက်စအလုပ်တွေကို အမြန်ဆုံး အဆုံးသတ် အပြတ်ရှင်းခဲ့ပြီး ခင်ဗျား ဒီက အမြန်ဆုံးသွားပေတော့။ နို့မဟုတ်ရင် ခင်ဗျား အခြား လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆုံနေလိမ့်ဦးမယ်"

လက်စသတ်တော့ အလုပ်ရှင်က ကျွန်တော့်ကို အလုပ်မှဖြုတ်ပစ်လိုက်လေသည်ပဲ။ ကျွန်တော်သည် ကျွန်တော့်စားပွဲဆီသို့ပြန်၍ မည်မျှကြာအောင် ထိုင်ပြီးငိုင်နေမိသည်မသိ။ လူကမူ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားခဲ့ရ၏။ ကျွန်တော့်ဘဝ ပျက်သည်နေ့လား၊ ဘဝ

mgyoe.com

mgyoe.com


သစ် စမည့်နေ့လား။ ကျွန်တော် မဝေခွဲနိုင်ပေ။

ဒုက္ခတွေ့မှ မိဘကိုပြန်တမ်းတသူမှာ ကျွန်တော့်လိုလူမျိုးပဲ ဖြစ်မည် ထင်သည်။ မိဘဆွေမျိုးတို့အစား ကျွန်တော် အကြီးအကျယ် ရှက်မိသည်။

ကျွန်တော့်အဖြစ်အပျက်ကို သိရလျှင် အဖေက ဘာမှတ်ချက်ချဦးမည် မသိသေး။

အလုပ်ထုတ်ခံလိုက်ရသည့် နာကြည်းချက်ကြောင့် နောက်လေး-ငါးရက်လုံးလုံး ကျွန်တော် ဘာကိုမျှမလုပ်နိုင်။ ဒေါသဖြစ်ခြင်း၊ ထိတ်လန့်ခြင်းမှသည် မကျေမနပ်ဖြစ်ခြင်းအလယ် မိမိကိုယ်မိမိ ကရုဏာသက်မိခြင်းအဆုံး ယူကျုံးမရခြင်းကြီးစွာဖြင့် စိတ်ဒုက္ခအမျိုးမျိုးကို တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေခဲ့ရ၏။

သည်ပြဿနာကို တစ်စုံတစ်ယောက်အား ရင်ဖွင့်ပြလိုက်မှ စိတ်သက်သာရာ ရလိမ့်မည်ဟု ထင်မိ၏။ ကျွန်တော် ရင်ဖွင့်ရမည့်သူသည် ယုံကြည်စိတ်ချရမည့်သူလည်း ဖြစ်ဖို့လို၏။ သည်ပြဿနာကိုရင်ဖွင့်ရန် အကောင်းဆုံးပုဂ္ဂိုလ်မှာ အဖေသာပဲဖြစ်လေသည်။ ဒါကြောင့်ပင် မိမိမာနကို အသာဘေးဖယ်ထားကာ အဖေ့အိမ်သို့ အပြေးပင်ပြန်၍ အဖေ့အား ဖြစ်ကြောင်းကုန်စင်ကို ပြောပြခဲ့ရ၏။

ကျွန်တော်အဖြစ်ကို ကြားလိုက်ရသောအခါ အဖေပင် ဘာမျှ မပြောနိုင်ဘဲ အကြာကြီးနှုတ်ပိတ်ပြီး ငူငူကြီးထိုင်နေ၏။

"သား အကြီးအကျယ် စိတ်ထိခိုက်နေပြီဆိုတာ အဖေသိပါတယ်"

အဖေက သူ၏မျက်မှန်ကို သူ၏ညာဘက်လက်မနှင့် လက်ညှိုးတို့ဖြင့် အသာမ,ကာ သူ၏နှာတံပေါ်တွင် နေရာပြန်ချရင်း ...

"ဒါပေမဲ့ သူပြောတဲ့စကားတွေထဲမှာ အမှန်တရား ဘယ်လောက်ပါသလဲ။ သားရဲ့ဆောင်ရွက်ချက်တွေကရော ပုံမှန်မှရှိခဲ့ရဲ့လား"

mgyoe.com

mgyoe.com


"အဖေ နောက်နေတာတော့ မဟုတ်ပါဘူးနော်။ ကျွန်တော် အလုပ်လုပ်တာ ပုံမှန်ရှိသလား၊ မရှိသလားတော့ မပြောတတ်ဘူး။ နေ့စဉ် ကျွန်တော် ရေးသားပေးခဲ့တဲ့ စာတွေကတော့ အထပ်လိုက်ပဲ။ နာရီမိနစ်စက္ကန့်နဲ့အမျှ စက်နဲ့လှည့်ထုတ်သလိုကို လုပ်ပေးခဲ့ရတယ်။ ဒီထက်မြန်အောင် လုပ်နိုင်တဲ့လူ ကျွန်တော်တို့ကုမ္ပဏီမှာ မရှိတော့ဘူးအဖေရဲ့"

"ဟုတ်ပြီ။ ဒါပေမဲ့ သားတို့လုပ်ရတဲ့ကြော်ငြာလုပ်ငန်းနဲ့ ပတ်သက်တဲ့ အဲ့ဒီစာတွေကရော အရည်အသွေး စံမီရဲ့လား။ အရေးအသား အတင်အပြကောင်းရဲ့လား။ ထိရောက်မှုတွေရော ရှိခဲ့ရဲ့လား"

"အရည်အသွေး စံမီပါတယ်။ ဒါဟာ သူလိုချင်တဲ့ စံ။ သူပေးထားတဲ့ သတ်မှတ်ချက်ပဲ။ သူလိုချင်တာ ပြီးပြည့်စုံတဲ့ ခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်ဘူးတဲ့။ သူလိုချင်တာ ဘာမဆို အချိန်မီရဖို့ အရေးကြီးတယ်တဲ့"

ကျွန်တော်တို့ ညီအစ်ကိုတွေ လူလားမြောက်လာချိန်မှာ သားသမီးတွေရဲ့ ဘဝရှေ့ရေး အခက်အခဲနဲ့ပတ်သက်လို့ အဖေဟာ အင်မတန်သွန်သင်ညွှန်ပြခဲ့တယ်။ အဖေဟာ သားသမီးတွေကို ဆုံးမဩဝါဒပေးလေ့ သိပ်မရှိပေမဲ့ သူ့သူငါငါ အလွယ်တကူသိနိုင်တဲ့ ယေဘုယျအသိသဘောပါသော မေးခွန်းများမေးပြီး လမ်းတော့ ပြပေးတတ်လေသည်။ အဖေ့မေးခွန်းများသည် ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ပြန်လှန်သုံးသပ်ဝေဖန်ရန် လမ်းညွှန်ပြသည့် အလင်းရောင်များပင်တည်း။

အဖေသည် ယခုလည်း ဘယ်သို့လုပ်၊ ဘယ်ညာလုပ်ဟု ကျွန်တော့်အား မညွှန်ကြား။ အကြံလည်းမပေး။ ဒါပေမဲ့ သူ့ထုံးစံအတိုင်းပင် မေးခွန်းများကိုတော့ တစ်ခုပြီးတစ်ခု မေး၍နေပြန်လေ၏။

သည်အချိန်မှာပင် ...

"အဖေကြီးရေ၊ ညစာထမင်းပွဲ အဆင်သင့်ဖြစ်ပြီ။ သားကိုပါ

mgyoe.com

mgyoe.com


တစ်ခါတည်း ခေါ်ခဲ့တော့"

အမေ့အသံ ဖြစ်လေသည်။

ထမင်းစားပွဲမှာ ထွေရာလေးပါးစကားတွေကို ဖောင်လောက်အောင် ပြောဖြစ်ကြသည်။ ထိုသို့ပြောကြသည့်အထဲ ကျွန်တော့်အလုပ်အကြောင်းမပါ။ အဖေက သည်အကြောင်းကို တမင်ရှောင်၍ မပြောဘဲနေသည်။

ထိုနေ့ည အိပ်ရာဝင်ကြသောအခါ ကျွန်တော်သည် တော်တော်နှင့်အိပ်မပျော်။ နေ့ခင်းက ကျွန်တော့်အား အဖေ မေးခဲ့သည့် မေးခွန်းများကို အပြန်အလှန် စဉ်းစားနေမိသည်။

♦♦♦

ကျွန်တော့်ကိစ္စ ထပ်ဆွေးနွေးဖို့ လိုအပ်နေသေးသည်။ အဖေကလည်း မိုးလင်းသည်နှင့် သူ့အလုပ်ခွင်သို့ ထွက်သွားပြီ။ ကျွန်တော်အဖေ့အလုပ်ရုံသို့ လိုက်သွားခဲ့ရသည်။ အဖေသည် ယခုအခါတွင်စက်ရုံဖိုမင်ပင် ဖြစ်၍နေပေပြီ။ သို့ရာတွင် စက်ရုံ၏အနေအထားကတော့ တစ်စက်ကလေးမျှ မပြောင်းလဲသေး။ အရာရာသည် ကျွန်တော်ငယ်စဉ်ကအတိုင်းပင်။

ကျွန်တော့်ကိုတွေ့တော့ အဖေ ဝမ်းသာသွားလေသည်။ သူ့မျက်နှာပင် ထိန်လင်းတောက်ပသွားသည်လား ထင်မှတ်လိုက်ရသည်။ အဖေသည် ကျွန်တော့်ထံ လျှောက်လှမ်း၍လာရင်း ...

"ရယ်စရာတော့ အကောင်းသား။ ဒီနေ့ အဖေ့ဆီ သား ဝင်များဝင်လာမလားလို့ ခုတင်ကလေးတောင် တွေးနေမိသေးတယ်။ ခုတော့တွေးထင်တဲ့အတိုင်း မှန်နေပါပကောလား"

အဖေ့စားပွဲအရှေ့ရှိ ခွေးခြေတစ်လုံးပေါ် ခွ၍တက်ထိုင်လိုက်ရင်း

mgyoe.com

mgyoe.com


စားပွဲပေါ်မှ ပလတ်စတစ် ကော်ဖီမတ်ခွက်တစ်လုံးဆီသို့ ကျွန်တော့် မျက်စိများက ရောက်သွားခဲ့၏။

"ဒီမတ်ခွက်တွေကို အဖေတို့ ခုထက်ထိ လုပ်နေကြရတုန်းပဲလား။ ဒီလိုပစ္စည်းမျိုးတွေချည်း ထပ်ပြန်တလဲလဲ ထုတ်လုပ်နေကြရတာ အတော့်ကို ပျင်းရိငြီးငွေ့စရာ ကောင်းမှာပဲနော်။ စိတ်ကော မကုန်သေးဘူးလား"

"အင်း ... ပြောရမယ်ဆိုရင်တော့ ကျေနပ်လောက်အောင် ပြစ်ချက်လုံးဝကင်းစင် ပြစ်မျိုးမှုံ့မထင်တဲ့ ပုံစံခွက်ကို မရရအောင် ကြိုးစားလုပ်ရတဲ့အလုပ်ဆိုတော့ ပျင်းရိငြီးငွေ့ဖို့တောင် အချိန်မရပါဘူးကွာ"

အဖေက သူ့စကားသူ သဘောကျကာပြောရင်း ရယ်မောရှိနေ၏။ အဖေကပင် ဆက်၍ ...

"ဒါကြောင့် အခုအချိန်ထိ အဖေတို့ဟာ ပုံစံခွက်ကောင်းကောင်းရဖို့ကိုပဲ တစိုက်မတ်မတ် တရစပ် ကြိုးစားနေကြရတုန်းပဲ။ တစ်ခုတော့ ရှိတာပေါ့လေ။ ပုံစံခွက်ကို အလှည့်ကျစနစ်နဲ့ ပြုလုပ်ပေးကြရတယ်။ ဘယ်သူပဲလုပ်လုပ် အဖေကတော့ ကြီးကြပ်ရတာပေါ့။ ဒီအလုပ်ကို လုပ်ရတာ စိတ်ကုန်တယ်ဆိုတာ အဖေ့အဘိဓာန်မှာ မပါပါဘူးကွယ်။ ဒီအလုပ်က အဖေတို့ကို ထမင်းကျွေးထားတဲ့အလုပ်ပဲ။ ဒီအလုပ်ကို အဖေတို့ထက် သာလွန်ကောင်းမွန်အောင် လုပ်နိုင်တဲ့လူဆိုလို့ မရှိသေးသလောက်ပဲ"

အဖေသည် သူ၏အလုပ်ကို ဂုဏ်ယူလျက်ရှိသည်မှာ ထင်ရှား၏။

"ဒါပေမဲ့ အဖေရယ်။ ဒီဟာက ခွက်တစ်ခွက်မျှသာပဲ မဟုတ်လား။ ဘယ်လောက်များ အရေးပါလို့လဲ"

ကျွန်တော်၏ ထိုအမေးက အဖေ့အား ကလိတိတိဖြစ်သွားစေ၏။

"ဟုတ်ပါတယ်။ ဒီပစ္စည်းက ခွက်တစ်ခွက်မျှသာပဲ။ ဒါပေမဲ့ သား

mgyoe.com

mgyoe.com



က ဒါပဲမြင်တာကိုး။ အဖေကတော့ ပြစ်ချက်၊ အားနည်းချက် လုံး၀ မပါတဲ့ ခွက်တစ်ခုဖြစ်လာဖို့အတွက် ကြိုးစားအားထုတ်ကြရတဲ့ အဆင့်တိုင်း အဆင့်တိုင်းဟာ အားလုံးအရေးကြီးတယ်လို့ သဘောထားတယ်"

သည်မှာတင် ပုံစံခွက်ပြုလုပ်ရသူတစ်ယောက်အနေနဲ့ မိုက်ခရိုမီတာကိရိယာပေါ်ရှိ အတိုင်းအတာ အမှတ်အသားများကို မျက်စိတစ်ဖက်မှိတ်၍ မည်သို့ခက်ခဲစွာ ဖတ်ရှုမှတ်သားရပုံ၊ အကြမ်းဖြတ်တောက်ထားသော သံမဏိပြားတစ်ချပ်မှသည် ပုံစံခွက်တစ်ခုအဖြစ်သို့ ရောက်ရှိသည်အထိ မည်သို့ခက်ခဲပင်ပန်းစွာ ပြောင်းလဲပေးခဲ့ရပုံ၊ ပြီး ... ပလတ်စတစ်မတ်ခွက်များကို မည်သို့မည်ပုံ ဖိအားပေး၍ ထုတ်လုပ်ခဲ့ကြပုံအထိ အဖေက ကျွန်တော့်အား စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြခဲ့၏။

"ဒီလောက် ကြိုးစားလုပ်ထားရတဲ့ ဒီပုံစံခွက်တွေကို အဖေ ဘယ်လိုမြင်သလဲ၊ ဘယ်လိုသဘောထားသလဲဆိုတာ သား ရိပ်စားနိုင်ပါ့မလား မသိဘူး။ အဖေကတော့ ဒီမတ်ခွက်တွေဟာ ကောင်းတော့ ကောင်းတယ်။ ဒါပေမဲ့ သိပ်ကောင်းတယ်လို့ ဆိုရလောက်အောင် မကောင်းလှသေးဘူးလို့ပဲ မြင်တယ်"

ပြောရင်းဆိုရင်းမှပင် အဖေသည် ဝပ့်ဒ်အား ကြီးမားလှသော စားပွဲတင်မီးလုံးတစ်လုံးကို ဖျတ်ခနဲ ခလုတ်ဖွင့်လိုက်ပြီး ...

"ဒီသံမဏိပုံစံခွက်ကို ဒီမီးနဲ့ထိုးပြီး အနီးကပ် သားကြည့်လိုက်စမ်း။ ဒီပုံစံခွက်ရဲ့ အတွင်းရော အပြင်ရော နံရံနှစ်ဖက်စလုံးမှာ ချိုင့်ခွက်ကလေးတွေဟာ ဒီပုံစံခွက်ရဲ့ အားနည်းချက်ပဲ။ ဒီပုံစံခွက်နဲ့ ထုတ်လုပ်မိတဲ့ ပလတ်စတစ်ခွက်ဟာ ဗြုတ်ထတာတို့၊ အလွယ်တကူကွဲအက်တာတို့ ဖြစ်တတ်တယ်။ ခွက်ကောင်းတစ်ခုမှာ ရှိသင့်ရှိအပ်တဲ့ 'ခံနိုင်ရည်' ကိုအားနည်းသွားစေနိုင်တယ်။ တကယ်လို့ ဒီပုံစံခွက်တွေနဲ့ ပလတ်စတစ်

mgyoe.com

mgyoe.com


မတ်ခွက်တွေ အမြောက်အမြား ထုတ်လုပ်လိုက်မိမယ်ဆိုရင် အဖေတို့ အလုပ်ရုံရဲ့နာမည်ပါ ပျက်စီးမှာကတော့ အသေအချာပဲ။ ဒါကြောင့်မို့ အဖေကတော့ ဘယ်တော့မှ ပြီးစလွယ်မလုပ်ဘူး။ အကောင်းဆုံးအနေအထား မရမချင်း ဘယ်တော့မှ အလျှော့မပေးဘူး။ သည်းလည်းမခံဘူး။ သာမန်အမြင်နဲ့ ကြည့်ရင်တော့ ဒီမတ်ခွက်ရဲ့ အခြေအနေဟာ ကျေနပ်စရာကောင်းတယ်။ လက်ခံနိုင်တယ်။ ဘာပြစ်ချက်မှမရှိဘူးလို့ပဲဆိုကြမှာပဲ။ အလုပ်ရှင် ဘော့စ်ကို သွားပြလည်း ကောင်းတယ်ကွာလို့ပဲ ပြောမှာပဲ။ ဒါပေမဲ့ အဖေ့လို အသေးစိတ်ဂရုစိုက်တဲ့လူအဖို့ကတော့ သိပ်မကောင်းလှသေးဘူး။ ပြုပြင်စရာတွေ ရှိနေသေးတယ်"

"ဒါဖြင့် ဒီမတ်ခွက်ကို ခုနေကြမ်းပြင်ပေါ် ကျွန်တော် လွှတ်ချလိုက်ရင် ဘယ်လိုနေမလဲ အဖေ"

အဖေက ပြုံးရင်း ...

"သားစမ်းကြည့်လိုက်လေ။ လက်တွေ့စမ်းကြည့်မှ တကယ် ခံနိုင်ရည် ရှိမရှိ၊ တကယ်ကောင်းမကောင်း သိတော့မှာပေါ့"

မတ်ခွက်ကို ကျွန်တော်လှမ်းယူလိုက်ပြီး လေထဲမြှောက်ကိုင်ထားကာ ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်၏။ မတ်ခွက်သည် ကြမ်းပြင်နှင့် ထိထိချင်း ...

'ခွမ် ...' ဟူသော အသံဖြင့် ကြမ်းပြင်ပေါ်မှ ခုန်တက်လာပြီး 'ဂွပ်... ဂွပ်' ဟူသော အသံဖြင့် ကြမ်းပြင်ပေါ်သို့ ပြန်ကျသွားတော့၏။

မတ်ခွက်ကို ကျွန်တော် ကောက်ယူပြီး ကြည့်လိုက်တော့ မတ်ခွက်နံဘေးတွင် ဆံချည်မျှင်လောက်ရှိမည့် သေးသေးမျှင်မျှင် အက်ကြောင်းကလေးကို မြင်လိုက်ရ၏။ အက်ကြောင်းအဆုံးခွက်၏ နှုတ်ခမ်းစွန်းမှာလည်း အစတစ်စ ပဲ့ထွက်၍နေ၏။

"ဘာကြောင့် ဒီလိုဖြစ်သွားရတာလဲ"

mgyoe.com